# မန္တလေး နေ့စဉ်

*The Mandalay Daily*

၁၉၉၇ ခုနှစ် ၊ နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၈) ၊ အမှတ်(၃၄၁)၊ ၁၃၈၇ ခုနှစ် ၊ တန်ဆောင်မုန်းလပြည့်ကျော် ၈ ရက် ၊ ၁၂–၁၁–၂၀၂၅၊ ကြာသပတေးနေ့။

**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

(သစ္စာလေးပါးဟူသည်ကား) ဆင်းရဲအမှန်ဖြစ်သော ဒုက္ခသစ္စာ၊ ဆင်းရဲခြင်း၏ အကြောင်းရင်းအမှန်ဖြစ်သော သမုဒယသစ္စာ၊ ဆင်းရဲမှ လွတ်မြောက်ရာအမှန်ဖြစ်သော နိရောဓသစ္စာ၊ ဆင်းရဲငြိမ်းရာ နိဗ္ဗာန်သို့ရောက်ကြောင်း အစစ်ဖြစ်၍ မြတ်သော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော မဂ္ဂသစ္စာ။ (ဤလေးပါးတည်း။) **(ဓမ္မပဒ)**

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# ရှေးဟောင်းအမွေအနှစ် ဂုတ်ထိပ်တံတားကြီး အောင်မြင်စွာ ပြင်ဆင်ပြီးစီး

## ရှုခင်းကြည့် RBE ရထားများလည်း မကြာမီ ပြန်လည်ပြေးဆွဲပေးသွားနိုင်တော့မည်

နေပြည်တော် နိုဝင်ဘာ ၁၂

၂၀၂၅ ခုနှစ် ဩဂုတ် ၂၄ ရက်တွင် သောင်းကျန်းသူများ၏ မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်းခံခဲ့ရသည့် ရှမ်းပြည်နယ်(မြောက်ပိုင်း)နောင်ချိုမြို့နယ်ရှိ ရှေးဟောင်းအမွေအနှစ် ဂုတ်ထိပ်တံတားကြီး၏ ပျက်စီးသွားသော အစိတ်အပိုင်းများကို မြန်မာ့မီးရထား အင်ဂျင်နီယာများက ရှေးမူရင်းလက်ရာဒီဇိုင်းအတိုင်း အောင်မြင်စွာ ပြန်လည်ပြင်ဆင်ပြီးစီးခဲ့ပြီးဖြစ်သဖြင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦး၊ ဒုတိယဝန်ကြီး ဦးအောင်မြင့်နှင့် မြန်မာ့မီးရထားမှ တာဝန်ရှိသူများ ပါဝင်သောအဖွဲ့သည် ယမန်နေ့တွင် ဂုတ်ထိပ်တံတားကြီးပေါ်၌ ရထားစမ်းသပ်မောင်းနှင်နေခြင်းအား သွားရောက်စစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရှမ်းပြည်နယ်(မြောက်ပိုင်း)သီပေါမြို့ရှိ ကွန်ကရစ်ဇလီဖား

**စာမျက်နှာ ၄ သို့** ❑



ရှေးဟောင်းအမွေအနှစ် ဂုတ်ထိပ်တံတားကြီး ပြန်လည်ပြင်ဆင်ပြီးစီးမှုကို တွေ့ရစဉ်။

## မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် အများအားဖြင့် သာယာမည်

နေပြည်တော် နိုဝင်ဘာ ၁၂

**ဘင်္ဂလားပင်လယ်အော် အခြေအနေမှာ** ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် အများအားဖြင့် သာယာနေပြီး ဘင်္ဂလားပင်လယ်အော်အလယ်ပိုင်းတွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေကာ ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပါသည်။

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တနင်္သာရီတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကချင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့် ဖြစ်ပါသည်။ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**မြန်မာ့ပင်လယ်ပြင်မှာ** လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၅ ပေမှ ၇ ပေခန့် ရှိနိုင်ပါသည်။

**နောက် ၂ ရက်အတွက် ခန့်မှန်းချက်မှာ** စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ် လျော့နည်းနိုင်ပါသည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။

မိုး/ဇလ

### ယနေ့ ဖတ်စရာ အညွှန်း

ပါကစ္စတန်နိုင်ငံတွင် နိုင်ငံသားများ၏ လူမှုစီးပွားဘဝမြှင့်တင်ရေး ဆောင်ရွက်မည် — စာမျက်နှာ ၈

ပိုဒန် မန်ဝီးတီးအသင်းနှင့်အတူ ၂၀၃၀ ခုနှစ်အထိ စာချုပ်သက်တမ်းတိုးမည် — စာမျက်နှာ ၁၁

ကျန်းမာရေးအတွက် ဆေးနည်းများ(ဆောင်းပါး) — စာမျက်နှာ ၁၇

၂၀၂၅ ခုနှစ်၊ နိုဝင်ဘာ ၁၃ ရက်၊ ကြာသပတေးနေ့။

မန္တလေးနေ့စဉ်

## စားရေရိက္ခာဖူလုံရေး၊ ပို့ကုန်ကဏ္ဍမြင့်မားရေးနှင့် သီးနှံများ စိုက်ပျိုးထုတ်လုပ်မှုတိုးတက်ရေး ဆောင်ရွက်လျက်ရှိ

တောင်သူများထံ နည်းပညာနှင့် သတင်းအချက်အလက်များကို Mobile နည်းပညာဖြင့် အချိန်မီပေးပို့နိုင်ရန် စဉ်ဆက်မပြတ် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ သီးနှံစိုက်ပျိုးထွက်ရှိမှုဆိုင်ရာ ကိန်းဂဏန်းစာရင်းဇယားများ မှန်ကန်ရေးအပြင် ဒေသတစ်ခုတွင် အောင်မြင်နေသော စိုက်ပျိုးထုတ်လုပ်မှုဆိုင်ရာ နည်းပညာအတွေ့အကြုံများကို အခြားဒေသတောင်သူများ လိုက်ပါအသုံးပြုနိုင်ရေးကိုလည်း အလေးထားဆောင်ရွက်ကြရန် လိုအပ်လျက်ရှိကြောင်း၊ ဖောက်ပြန်ပြောင်းလဲလျက်ရှိသည့် ရာသီဥတုကြောင့် စိုက်ပျိုးရေးလုပ်ငန်းများတွင် ထိခိုက်မှုများရှိနိုင်သော်လည်း မိမိတို့တတ်မြောက်ကျွမ်းကျင်ထားသည့်ပညာရပ်များ၊ အတွေ့အကြုံများကို အခြေခံ၍ တာဝန်ဝတ္တရားနှင့်လျော်ညီစွာ အားထုတ်ကြိုးပမ်းစီမံကြခြင်းဖြင့် တောင်သူများ ထိခိုက်ဆုံးရှုံးမှု မဖြစ်ပေါ်စေရေး ကြိုးပမ်းကြစေလိုကြောင်း၊ အလားတူသီးနှံများတွင် ပိုးသတ်ဆေးဓာတ်ကြွင်းများ ပါဝင်နေခြင်းသည် ဈေးကွက်ဆုံးရှုံးမှုကိုဖြစ်ပေါ်စေသဖြင့် ပိုးသတ်ဆေးများ လျှော့ချအသုံးပြုနိုင်ရေးကို အသိပညာပေးစည်းရုံးဆောင်ရွက်ရန် လိုကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်က နိုဝင်ဘာ၁၁ရက် ယနေ့နံနက်ပိုင်းက အွန်လိုင်းစနစ်ဖြင့်ကျင်းပသည့် နိုင်ငံ၏ စားရေရိက္ခာဖူလုံရေးနှင့် ပို့ကုန်ကဏ္ဍမြင့်မားရေးအတွက် သီးနှံများစိုက်ပျိုးထုတ်လုပ်မှု တစ်နိုင်ငံလုံးအတိုင်းအတာအားဖြင့် တိုးတက်ရေးလုပ်ငန်းများ မှာကြားဆွေးနွေးပွဲ၌ ပြောကြားခဲ့သည်။

နိုင်ငံတော်က စားရေရိက္ခာဖူလုံရေးတို့အတွက် စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် ဆောင်ရွက်နိုင်ရေး၊ တောင်သူစီးပွားဖွံ့ဖြိုးတိုးတက်ရေး၊ စားရေရိက္ခာဖူလုံရေးနှင့် ရေရှည်တည်တံ့သောစိုက်ပျိုးရေးအတွက် တောင်သူများပူးပေါင်းပါဝင်လာစေရန် ဆောင်ရွက်လျက်ရှိသည်။

ဒုတိယဝန်ကြီးက ဆက်လက်ပြောကြားရာတွင် ဆည်ရေသောက်၊ မိုးကောင်းသောက်ကမ်းရိုးတန်းဒေသ၊ ခြောက်သွေ့ဒေသနှင့် တောင်ပေါ်ဒေသ စသော ဂေဟစနစ်အမျိုးမျိုးအတွက် သင့်တော်သောသီးနှံမျိုးများကို မွေးမြူရွေးချယ်ရာတွင် တောင်သူလယ်သမားများ၊ ပြည်ပတင်ပို့သော လုပ်ငန်းရှင်များပါဝင်သော မျိုးမွေးမြူရွေးချယ်ရေးလုပ်ငန်းကို တိုးချဲ့လုပ်ကိုင်သွားရန်လိုကြောင်း၊ AI နည်းပညာကို မိမိတို့ဝန်ထမ်းများ ကျွမ်းကျင်စွာအသုံးပြုတတ်ရေးအပြင် တောင်သူများလည်း AI နည်းပညာနှင့် နီးနီးစပ်စပ်အသုံးပြုတတ်စေရေး ကြိုးပမ်းကြရန်လိုကြောင်း၊ စိုက်ပျိုးထုတ်လုပ်မှုဆိုင်ရာ သိရှိလိုသည်များကို AI တွင် အချိန်မရွေးမေးမြန်းအသုံးပြုနိုင်ပါက တောင်သူအတွက် အကျိုးကျေးဇူးများစွာရရှိနိုင်ကြောင်း မှာကြားသည်။

တိုင်းဒေသကြီး၊ ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနမှူးများ၏ တင်ပြချက်များအပေါ် ဒုတိယဝန်ကြီးက အကြောင်းအရာတစ်ခုချင်းအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးပြီး လိုအပ်ချက်များ မှာကြားခဲ့သည်။

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက် (၄) ရပ်တွင် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries)ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေးဟူသော ဦးတည်ချက်ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း ရေးသားလိုက်ရပေသည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန
## နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန
## ကြေညာချက်

၂၀၂၅ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ခဲ့ကြသူများအတွက် ပထမနှစ်ဝင်ခွင့်ရသူများစာရင်းကို ၁၃-၁၁-၂၀၂၅ ရက်တွင် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန၊ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန၏ Website: https://www.dtvet.gov.mm နှင့် သက်ဆိုင်ရာအစိုးရနည်းပညာကောလိပ်များတွင် ကြေညာထားမည်ဖြစ်ပါသည်။

နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန

## သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန
## အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာန
## ကြေညာချက်

၂၀၂၅ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ခဲ့ကြသူများအတွက် ပထမနှစ် ဝင်ခွင့်ရသူများ စာရင်းကို (၁၃-၁၁-၂၀၂၅) ရက်တွင် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန၊ အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာန၏ Website: http://www.dast.edu.mm နှင့် သက်ဆိုင်ရာတက္ကသိုလ်များတွင် ကြေညာထားမည်ဖြစ်ပါသည်။

အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန

## မဲဆန္ဒရှင်စာရင်းများ ဒုတိယအကြိမ် ကပ်ထားကြေညာနိုင်ရေး တာဝန်ရှိသူများ ပူးပေါင်းဆောင်ရွက်

**ညောင်ဦး နိုဝင်ဘာ ၁၂**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၅ ခုနှစ် အထွေထွေရွေးကောက်ပွဲအတွက် အခြေခံမဲစာရင်းများကို သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်လျက်ရှိရာ ညောင်ဦးခရိုင်၊ ညောင်ဦးမြို့နယ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အနော်ရထာခန်းမ၌ နိုဝင်ဘာ ၁၂ ရက်၊ နံနက် ၁၁ နာရီခွဲက ဆောင်ရွက်လျက်ရှိသည်။

မဲဆန္ဒရှင်စာရင်းများ မှန်ကန်မှုရှိစေရေး ဆောင်ရွက်ရာတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းလှိုင်တင့်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးအောင်မြင့်၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ မြို့နယ်ဦးစီးမှူး ဦးလှငြိမ်း၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ရပ်ကွက်၊ ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများနှင့် သက်ဆိုင်ရာနိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များဖြင့် မဲစာရင်းများ ပြည့်စုံမှန်ကန်စေရေးစိစစ်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ မြို့နယ်အတွင်းရှိ အသက် (၁၈) နှစ်ပြည့်ပြီး၊ မဲပေးပိုင်ခွင့်ရှိသူတိုင်း မဲစာရင်းတွင် ကျန်ရှိမှုမရှိစေရေး တာဝန်ရှိသူများကကြပ်မတ်စစ်ဆေး ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(၄၈၁)

## စစ်ကိုင်းမြို့တွင် မျိုးကောင်းမျိုးသန့်စိုက်ပျိုးရေးနှင့် သီးနှံအထွက်နှုန်းတိုးတက်ရေး နည်းပညာပေးသင်တန်းဖွင့်

**စစ်ကိုင်း နိုဝင်ဘာ ၁၂**

စစ်ကိုင်းမြို့နယ် သမဝါယမဦးစီးဌာနနှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနတို့ပူးပေါင်း၍ တောင်သူများ မျိုးကောင်းမျိုးသန့်စိုက်ပျိုးရေးနှင့် သီးနှံအထွက်နှုန်း တိုးတက်ရေးနည်းပညာပေး သင်တန်းကို ယမန်နေ့ မွန်းလွဲပိုင်းက မြို့နယ်သမဝါယမဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ စစ်ကိုင်းမြို့နယ် သမဝါယမဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စန္ဒာမြင့်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များအား ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၊ လက်ထောက်ဦးစီးမှူး ဦးသိန်းဇော်ဦးက စိုက်ပျိုးရေးတောင်သူများ မျိုးကောင်းမျိုးသန့်များ ရရှိအောင်ဆောင်ရွက်ပေးနေမှု၊ လက်ထောက်ဦးစီးမှူး ဒေါ်သဲသဲထွေးက သီးနှံအထွက်နှုန်း တိုးတက်ရေး ဆောင်ရွက်ရမည့် နည်းလမ်းများနှင့်ပတ်သက်၍ အပြန်အလှန်ဆွေးနွေးပို့ချခဲ့သည်။

ယခုဖွင့်လှစ်သော နည်းပညာပေးသင်တန်းသို့ စစ်ကိုင်းမြို့နယ်အတွင်းရှိ ကျေးရွာများမှ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သည့် အသင်းသားတောင်သူ ၃၀ ဦး တက်ရောက်ကြကြောင်း သိရသည်။

**နေလင်းအောင်(ပြန်/ဆက်)**

## ပြည်သူများအား အခြေခံစားသောက်ကုန်များကို အထူးသက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိ

**မန္တလေး နိုဝင်ဘာ ၁၂**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရုံးဖွင့်ရက်များတွင် မြို့နယ်အလိုက် ရောင်းချပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ်၊ ရွှေလုံရပ်ကွက်၊ ၂၇ လမ်း၊ ၇၁လမ်းနှင့် ၇၂လမ်းကြားနှင့် ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ ၁၁၈ လမ်း၊ ၄၆ လမ်းနှင့် ၄၇ လမ်းကြားတို့တွင် ရောင်းချပေးခဲ့သည်။ **(အောက်ပုံ)**




သက်သာဈေးရောင်းချမည့် အစီအစဉ်များကို နိုဝင်ဘာ ၁၃ ရက်တွင် ပြည်ကြီးတံခွန်မြို့နယ်၊ (ဓ)ရပ်ကွက်၊ ၅၄လမ်း၊ ၁၃၃ လမ်းထောင့်တွင် ရောင်းချပေးသွားမည်ဖြစ်ပြီး နိုဝင်ဘာ ၁၄ ရက်တွင် အမျိုးသားအောင်ပွဲနေ့ ရုံးပိတ်ရက်တွင် သက်သာရောင်းချမှုကို ရပ်နားထားပြီး ရုံးဖွင့်ရက်များတွင် ပုံမှန်အတိုင်းရောင်းချပေးသွားမည်ဖြစ်သည်။

ထိုသို့ တိုက်ရိုက်ရောင်းချနေမှု အစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးသိန်းဌေးနှင့် တာဝန်ရှိသူများ၊ ဈေးနှင့် သားသတ်ဌာန ဌာနမှူး ဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်၍ ပြည်သူများ အဆင်ပြေစွာ ဝယ်ယူရရှိနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၆)**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊
အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/၀၉-၇၅၁၁၇၀၁၁၉
၃၅လမ်းနှင့် ၇၁လမ်းထောင့်

## ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကို ဒီတိုင်းကြည့်နေမှာ မဟုတ်

ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကိုတော့ ကျုပ်တို့အစိုးရကလည်း ဒီတိုင်းကြည့်နေမှာ မဟုတ်ဘူး။ အပြင်းအထန်နှိပ်ကွပ်ရမှာပဲ။ ရွေးကောက်ပွဲမှာ လွတ်လပ်စွာ ယှဉ်ပြိုင်ရွေးကောက်တဲ့နေရာမှာတော့ ဘယ်သူ့ကိုမှ ကျုပ်တို့အစိုးရက နှောင့်ယှက်မှာမဟုတ်ဘူး။ သို့သော် ဖျက်လိုဖျက်ဆီးလုပ်တဲ့လူမှုန်သမျှကိုတော့ အာဏာကုန်နှိမ်နင်းပစ်မှာပဲဆိုတာ ရှင်းရှင်းကြီး သတိပေးထားပါရစေ။

(၁၉၄၇ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့တွင် ရွေးကောက်ပွဲနှင့်ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်းပြောကြားခဲ့သည့် အသံလွှင့်မိန့်ခွန်းမှ ကောက်နုတ်ချက်)



## မန္တလေးတိုင်းဒေသကြီးအတွင်းရှိ အာမခံအလုပ်သမားများ ထောက်ပံ့မှုအကျိုးခံစားခွင့်ပေးအပ်ခြင်းနှင့် အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဆိုင်ရာ နှီးနှောဖလှယ်ပွဲ ကျင်းပ

မန္တလေး နိုဝင်ဘာ ၁၂

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ အာမခံအလုပ်သမားများအား သဘာဝဘေးအန္တရာယ်ကျရောက်မှုဆိုင်ရာ မိသားစုထောက်ပံ့မှု အကျိုးခံစားခွင့်နှင့် သားသမီးများအား ပညာသင်စရိတ်ဆိုင်ရာ မိသားစုထောက်ပံ့မှု အကျိုးခံစားခွင့်ပေးအပ်ခြင်းကို ယနေ့နံနက်ပိုင်းတွင် မန္တလေးမြို့တော်ခန်းမ၌ ကျင်းပသည်။




အခမ်းအနားသို့ အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကျော်ဟိုး၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ အလုပ်သမားဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် အရာထမ်း၊ အမှုထမ်းများ၊ အလုပ်ရှင်၊ အလုပ်သမားကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ဦးစွာပြည်ထောင်စုဝန်ကြီးက လူမှုဖူလုံရေးအဖွဲ့အနေဖြင့် ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေတွင် ပါရှိသည့် အာမခံစနစ် ခြောက်မျိုးအနက် နိုင်ငံ၏အခြေအနေနှင့် ကိုက်ညီဆောင်ရွက်နေသော အာမခံစနစ်သုံးမျိုးမှ စုစုပေါင်းအကျိုးခံစားခွင့် ၁၅ မျိုးကို ရရှိခံစားရမည်ဖြစ်ပြီး ကျန်းမာရေးနှင့် လူမှုရေးစောင့်ရှောက်မှုအာမခံစနစ် ထည့်ဝင်ကြေး ပေးသွင်းထားရှိပါက မိသားစုထောက်ပံ့မှု အကျိုးခံစားခွင့်ဖြစ်သည့် သဘာဝဘေးအန္တရာယ်ကျရောက်မှုဆိုင်ရာ အကျိုးခံစားခွင့်နှင့် ပညာသင်စရိတ်ခံစားခွင့်များကို ရရှိမည်ဖြစ်ကြောင်း၊ မန္တလေးငလျင်ဘေးသင့်ခဲ့သည့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ လူမှုဖူလုံရေးအဖွဲ့တွင် မှတ်ပုံတင်ထားသော အလုပ်ဌာန ၇၄၃၀၊ အာမခံအလုပ်သမား ၁၂၁၁၃၀ ကို သဘာဝဘေးအန္တရာယ်ကျရောက်မှုဆိုင်ရာ အကျိုးခံစားခွင့် ၄၀ ရာခိုင်နှုန်းထုတ်ပေးသည့် ယနေ့အခမ်းအနားတွင် အာမခံအလုပ်သမား ၂၅၃၄ ဦးအတွက် ငွေကျပ် ၂၀၂၀ ဒသမ ၃၁၉ သန်းကို ပေးအပ်သွားမည်ဖြစ်ကြောင်း၊ မန္တလေးတိုင်းဒေသကြီးအတွင်း စုစုပေါင်း အာမခံ အလုပ်သမား ၇၈၃၄၂ ဦးအတွက် ငွေကျပ် ၆၂၃၆ ဒသမ ၅၄၆ သန်းကို Online Payment စနစ်ဖြင့် အာမခံအလုပ်သမားများ၏ လက်ဝယ်အရောက် စနစ်တကျပေးအပ်နိုင်ခဲ့ပြီး လျှောက်ထားလာသည့် အလုပ်သမားများ၏ ၉၉ ဒသမ ၁၆ ရာခိုင်နှုန်းကို ခွင့်ပြုထုတ်ပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း။

ထို့ပြင် ခွင့်ပြုပေးရန် ကျန်ရှိသည့် အာမခံအလုပ်သမား ၂၂၉ ဦးတို့၏ သားသမီး ၃၁၃ ဦးတို့အတွက် ပညာသင်စရိတ် ငွေကျပ် ၁၂ ဒသမ ၁၀၈ သန်းကို ခွင့်ပြုထုတ်ပေးမည်ဖြစ်ကြောင်းနှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိအာမခံအလုပ်သမား ၁၁၂၁၉ ဦးတို့၏ သားသမီး ၁၅၂၁၃ ဦးတို့အတွက် ပညာသင်စရိတ် စုစုပေါင်းငွေကျပ် ၅၉၈ ဒသမ ၉၀၅ သန်းကို ပေးအပ်ပြီးဖြစ်၍ လျှောက်ထားသည့် အလုပ်သမားများ၏ ၉၅ ဒသမ ၃၆ ရာခိုင်နှုန်းကို ထုတ်ပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ထံသို့ သဘာဝဘေးအန္တရာယ်ကျရောက်မှုဆိုင်ရာ မိသားစုထောက်ပံ့မှု အကျိုးခံစားခွင့် ၄၀ရာခိုင်နှုန်းငွေကျပ် ၂၀၂၀ ဒသမ ၃၁၉ သန်းနှင့် ပညာသင်စရိတ်ထောက်ပံ့ကြေးငွေ ငွေကျပ်၁၂ဒသမ၁၀၈သန်းကို လွှဲပြောင်းပေးအပ်ခဲ့ပြီး မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်က ကျေးဇူးတင်စကားပြောကြားသည်။

ယင်းနောက် အလုပ်သမားရေးရာအငြင်းပွားမှု ဖြေရှင်းရေးဆိုင်ရာ နှီးနှောဖလှယ်ပွဲဖွင့်ပွဲကို အဆိုပါခန်းမ၌ ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီး၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်မှ ကိုယ်စားလှယ်များ၊ အလုပ်သမားအဖွဲ့ချုပ်များ၊ ခုံသမာဓိကောင်စီဝင်များ၊ အထက်မြန်မာပြည်ရှိ တိုင်းဒေသကြီး/ပြည်နယ်များမှ ခုံသမာဓိအဖွဲ့ဝင်များ၊ မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာပြည်ထောင်စုဝန်ကြီးက အဆိုပါနှီးနှောဖလှယ်ပွဲကို အလုပ်သမားရေးရာအငြင်းပွားမှု ဖြေရှင်းရေးဥပဒေနှင့်အညီ စစ်ဆေးဆုံးဖြတ်ရာတွင် တွေ့ကြုံရသည့် အခက်အခဲများအတွက် ဖြေရှင်းဆောင်ရွက်နိုင်မည့် နည်းလမ်းများ ထွက်ပေါ်လာစေရန်ရည်ရွယ်၍ ပြုလုပ်ရခြင်းဖြစ်သောကြောင့် နှီးနှောဖလှယ်ပွဲသို့ တက်ရောက်လာသူများက ဝိုင်းဝန်းဆွေးနွေးပေးကြရန် ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က မန္တလေးတိုင်းဒေသကြီးအတွင်း မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့များကို ဖွဲ့စည်းတာဝန်ပေးအပ်ထားမှုအခြေအနေများ၊ အလုပ်သမားရေးရာ လုပ်ငန်းညှိနှိုင်းရေးကော်မတီ(WCC) ဖြင့် ဖြေရှင်းဆောင်ရွက်ပေးခြင်းကြောင့် အငြင်းပွားမှုများ လျော့နည်းလာသည့်အခြေအနေများနှင့် တက်ရောက်သူများက မိမိတို့၏ အတွေ့အကြုံများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးအဖြေရှာကြစေလိုကြောင်း ပြောကြားပြီး ပထမပိုင်းအစီအစဉ် ရုပ်သိမ်းကာ ဒုတိယပိုင်းအစီအစဉ်ဆွေးနွေးပွဲများကို ဆက်လက်ကျင်းပခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးနှိုးဆော်မှုများ ရိုက်ကူးရေးတွင် ဂီတအနုပညာရှင်များ ဆက်လက်ပါဝင်ဆောင်ရွက်

နေပြည်တော် နိုဝင်ဘာ ၁၂

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို လာမည့်ဒီဇင်ဘာ ၂၈ ရက်တွင် စတင်ကျင်းပမည်ဖြစ်ရာ ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဂီတအနုပညာရှင်များက အသိပညာပေးနှိုးဆော်မှုများ ရိုက်ကူးရေးတွင် ဆက်လက်ပါဝင်ဆောင်ရွက်လျက်ရှိကြသည်။

ထိုသို့ဆောင်ရွက်ရာတွင် တေးသံရှင် ဖြိုးကြီး၊ ဝေကြီး၊ ဝန၊ ဖြိုးပြည့်စုံ၊ သားငယ်၊ သားသား၊ ဖြိုးလေး၊ ပိုပို၊ ချယ်ရီသင်း၊ ထိုက်ထိုက်၊ မိဖူး၊ ထက်အဥ္ဇလီ၊ Mဆိုင်းလူ၊ Mary နှင့် မေတို့က နိုဝင်ဘာ ၁၀ ရက်နှင့် ယနေ့ နိုဝင်ဘာ ၁၂ ရက်တို့တွင် ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားတွင် ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးနှိုးဆော်မှုများ ရိုက်ကူးရေးတွင် ပါဝင်ဆောင်ရွက်ကြခြင်းဖြစ်သည်။

ပြည်သူများ လိုလားသည့် ဒီမိုကရေစီနိုင်ငံတော်ကို ရွေးကောက်ပွဲနှင့်သာ ဖော်ဆောင်နိုင်မည်ဖြစ်ရာ ပြည်သူတစ်ရပ်လုံးက ရွေးကောက်ပွဲကြီးတွင် ပါဝင်မဲပေးပြီး ဒီမိုကရေစီနိုင်ငံတော်ကို အတူတကွ ဖော်ဆောင်နိုင်ရန်အတွက် ပြည်သူချစ်သော ဂီတအနုပညာရှင်များကလည်း တစ်ဖက်တစ်လမ်းမှ ပူးပေါင်းပါဝင် ဆောင်ရွက်ကြခြင်းဖြစ်ကြောင်းနှင့် ဆက်လက်ပြီးလည်း ဂီတအနုပညာရှင်များစွာ ရိုက်ကူးရေးတွင် ပါဝင်ဆောင်ရွက်ကြမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



# ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

ရွေးကောက်ပွဲ ကျင်းပရန်

၄၅ ရက်

သာ လိုတော့သည်။

❑ ရွှေဖုံးမှ

စက်ရုံသို့ ရောက်ရှိစစ်ဆေးရာ မြန်မာ့မီးရထား ဦးဆောင်ညွှန်ကြားရေးမှူးနှင့် အရာထမ်း၊ အမှုထမ်းများက ၂၀၂၃ ခုနှစ် နိုဝင်ဘာ ၁၁ ရက်မှစ၍ အကြမ်းဖက်သောင်းကျန်းသူများ ဝင်ရောက်ဖျက်ဆီးခဲ့ခြင်းကြောင့် ကွန်ကရစ်ဇလီဖားစက်ရုံ၏ ပျောက်ဆုံး/ပျက်စီးသွားခဲ့သော စက်စွည်းများ၊ လျှပ်စစ်ပစ္စည်းများ၊ အရန်ထားရှိသည့်ပစ္စည်းများ၊ ယာဉ်ယန္တရားများ စုစုပေါင်း ၁၇၉ မျိုး၊ ကာလတန်ဖိုးငွေကျပ် ၃၈၈၈ ဒသမ ၆၂ သန်း ခန့်ဆုံးရှုံးခဲ့ရသည့် အခြေအနေများကို ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးက စက်ရုံအမြန်ဆုံး ပြန်လည်လည်ပတ်နိုင်ရေးနှင့် လုပ်ငန်းအပေါ်မူတည်၍ အရေးကြီးသည့်ကဏ္ဍအလိုက် ဦးစားပေးဆောင်ရွက်ရန် ကိစ္စရပ်များကို မှာကြားကာ စက်ရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

### ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်

ယင်းနောက် သီပေါမြို့ရှိ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း(အော်တိုအိတ်ချိန်း)ရုံး၊ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန(မြို့နယ်ရုံး)၊ သီပေါဘူတာနှင့် မြန်မာ့စာတိုက်လုပ်ငန်း (သီပေါစာတိုက်) တို့ကို ကြည့်ရှုစစ်ဆေးကာ မြန်မာ့စာတိုက်လုပ်ငန်း(သီပေါစာတိုက်)၌ ဝန်ကြီးဌာန၏ ဌာနဆိုင်ရာ တာဝန်ရှိသူများအားတွေ့ဆုံ၍ ပြည်ထောင်စုဝန်ကြီးက ဌာနအချင်းချင်း ပေါင်းစပ်ညှိနှိုင်းပြီး ရည်မှန်းချက်အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ရေး၊ လုပ်ငန်းများကို စနစ်တကျဆောင်ရွက်ရေးနှင့် မိမိတို့၏လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရာ၌ စေတနာထားကြိုးစားဆောင်ရွက်ရေး ကိစ္စများကို မှာကြားကာ စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများ ပေးအပ်သည်။

### ထောက်ပံ့ငွေများ ပေးအပ်

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ကျောက်မဲမြို့သို့သွားရောက်၍ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ယာဉ်စည်းကမ်းလမ်းစည်းကမ်း ပညာပေးသင်တန်းခန်းမ၌ ဝန်ကြီးဌာနအောက်ရှိ ဌာနဆိုင်ရာဝန်ထမ်းများနှင့်တွေ့ဆုံ၍ အားပေးစကားပြောကြားကာ စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများ ပေးအပ်သည်။

### လမ်းပိုင်းကြံ့ခိုင်မှုစစ်ဆေး

ဆက်လက်၍ ကျောက်မဲဘူတာသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဘူတာနှင့် ယာဒ်ဝန်းများသန့်ရှင်းသပ်ရပ်မှုရှိစေရေး၊ ရထားများပြန်လည်ပြေးဆွဲနိုင်ရေးအတွက် လမ်းပိုင်းကြံ့ခိုင်မှုအခြေအနေများကို စစ်ဆေးပြုပြင်သွားရန်ကိစ္စရပ်များကို မှာကြားသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် နောင်ချိုမြို့နယ်ရှိ ဂုတ်ထိပ်ဘူတာသို့ ရောက်ရှိပြီး ရာနှုန်းပြည့်ပြန်လည်ပြုပြင်ပြီးစီးပြီဖြစ်သည့် ဂုတ်ထိပ်တံတားကြီးပေါ်မှ ကုန်တန်ချိန် ၂၀၉ တန် တင်ဆောင်ထားသည့် ရထားတွဲဆိုင်းဖြင့် စမ်းသပ်ဖြတ်သန်းမောင်းနှင်နေမှုကို ကြည့်ရှုကာ RGC သံလမ်းပြေးယာဉ်ဖြင့် ဂုတ်ထိပ်ဘူတာမှ လားရှိုးဘက်ခြမ်းတံတားထိပ်အထိ လိုက်ပါစီးနင်း၍ ကြည့်ရှုစစ်ဆေးသည်။

### ရှေးမူမပျက် ပြန်လည်ပြင်ဆင်

အဆိုပါ ဂုတ်ထိပ်တံတားသည် ယခုနှစ် ဩဂုတ် ၂၄ ရက်တွင် အကြမ်းဖက်သောင်းကျန်းသူများ၏ မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခံရမှုကြောင့် တံတားကြီး၏ လားရှိုးဘက်အခြမ်း ကမ်းကပ်ခုံနှင့် တံတားတိုင်အမှတ် ၁၆ အကြား တံတားသံပေါင်နှစ်ဖက်စလုံးကျိုးကျပျက်စီးခဲ့ရပြီး ယင်းပျက်စီးသွားသော တံတားသံပေါင်နေရာများတွင် မြန်မာ့မီးရထား အင်ဂျင်နီယာဌာန၏ တံတားပေါင်အလုပ်ရုံ (ရန်ကုန်) မှ ထုတ်လုပ်သည့် သံပေါင်များဖြင့် ရက်ပေါင်း ၇၆ ရက်အတွင်း ပြန်လည်အစားထိုးတပ်ဆင်ပြီး ရှေးမူမပျက် ပြန်လည်ပြင်ဆင်နိုင်ခဲ့ခြင်းဖြစ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် မြန်မာ့မီးရထား ဦးဆောင်ညွှန်ကြားရေးမှူးက ဂုတ်ထိပ်တံတားကြီးကို အချိန်တိုအတွင်း အမြန်ပြီးစီးအောင် ကြိုးစားဆောင်ရွက်ခဲ့ကြသည့် တံတားပြန်လည်တည်ဆောက်ရေး လုပ်ငန်းတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသော မြန်မာ့မီးရထားမှ အရာထမ်း၊ အမှုထမ်းများအား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

### သန့်ရှင်းသာယာလှပအောင် ဆောင်ရွက်

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဂုတ်ထိပ်ဘူတာသို့ RGC ရထားဖြင့်ပြန်လည်ရောက်ရှိပြီး သမိုင်းအမွေအနှစ်တံတားကြီးတစ်ခုဖြစ်သည့် အပြင် ပြည်တွင်းပြည်ပမှခရီးသွားများ အထူးစိတ်ဝင်စားသည့် နေရာတစ်ခုဖြစ်သည့်အတွက် ဘူတာနှင့် ဘူတာယာဒ်ဝန်းအား အမြဲတမ်းသန့်ရှင်းသာယာလှပအောင် ဆောင်ရွက်ကြရန် မှာကြားသည်။

ယခုအခါ မြန်မာ့မီးရထားမှ အင်ဂျင်နီယာဝန်ထမ်းများက အဆိုပါ ဂုတ်ထိပ်တံတားကြီး၏ ပျက်စီးသွားသည့် အစိတ်အပိုင်းကို ရှေးမူရင်းလက်ရာဒီဇိုင်းပုံစံအတိုင်း ပြန်လည်ပြင်ဆင်ပြုပြင်ပြီးစီးပြီဖြစ်၍ ယခင် ပြင်ဦးလွင်ဘူတာမှ ဂုတ်ထိပ်ဘူတာသို့ ပြေးဆွဲပေးလျက်ရှိသော ရှုခင်းကြည့် RBE ရထားများကိုလည်း မကြာမီ ပြန်လည်ပြေးဆွဲပေးသွားနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

---

# နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)အရာထမ်းလောင်း(အထူး)သင်တန်း အမှတ်စဉ်(၁၅)နှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးသင်တန်း အမှတ်စဉ် (၁၇) သင်တန်းဆင်း

နေပြည်တော် နိုဝင်ဘာ ၁၂

အရာထမ်းလောင်း(အထူး) သင်တန်းအမှတ်စဉ် (၁၅) ၏ သင်တန်းဆင်းစစ်ရေးပြ အခမ်းအနားကို ယနေ့ နံနက် ၇ နာရီတွင် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) စစ်ရေးပြကွင်း၌ ကျင်းပသည်။

သင်တန်းဆင်းပွဲသို့ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဦးစိုးမင်းဦး၊ ပြည်ထောင်စု ရာထူးဝန်အဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ်၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ပါမောက္ခချုပ်၊ တက္ကသိုလ် သင်ကြား/စီမံ ဌာနများမှ တာဝန်ရှိသူများနှင့် သင်တန်းသား သင်တန်းသူ ၂၁၃ ဦးတို့ တက်ရောက်ကြသည်။

ဦးစွာ သင်တန်းဆင်းတပ်ခွဲက နိုင်ငံတော်အလံအား အလေးပြုပြီး ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဦးစိုးမင်းဦးကို အလေးပြုကာ ရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌက ထူးချွန်ဆုရရှိသူဆုများအား ဆုချီးမြှင့်ပြီး သင်တန်းဆင်း အောင်လက်မှတ်များ ပေးအပ်သည်။

ထို့နောက် ရာထူးဝန်အဖွဲ့ဥက္ကဋ္ဌက အရာထမ်းလောင်းများအနေဖြင့် အမျိုးသားအကျိုးစီးပွားအတွက် သွက်လက်မြန်ဆန်တိကျသော ဝန်ဆောင်မှုများဖြင့် ပြည်သူကို အလုပ်အကျွေးပြုကြရန်၊ အခက်အခဲ အကျပ်အတည်းဟူသမျှ ရင်ဆိုင်ကျော်လွှားနိုင်ပြီး ဌာနအဖွဲ့အစည်းအတွင်း ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်နိုင်စွမ်းရှိရန်နှင့် မိမိတို့ကိုယ်တိုင် အရာရာတွင် စံပြဖြစ်အောင် ပြုမူနေထိုင်ကျင့်ကြံပြီး ထုတ်ပြန်ထားသည့် အမိန့်နှင့်ညွှန်ကြားချက်များကို တိတိကျကျလိုက်နာ၍ လက်အောက်ဝန်ထမ်းများကိုလည်း ထိန်းကျောင်းတည့်မတ်ပေးရန် မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌသည် နဝရတ်ခန်းမ၌ ကျင်းပသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး သင်တန်းအမှတ်စဉ် (၁၇) သင်တန်းဆင်းပွဲသို့ တက်ရောက်၍ သင်တန်းဆင်းအမှာစကားပြောကြားရာတွင် အဆင့်မြင့်အရာရှိကြီးများအနေဖြင့် မှန်ကန်သည့်ခေါင်းဆောင်မှုနှင့် မှျတသော ဆုံးဖြတ်ချက်များဖြင့် ဌာနအဖွဲ့အစည်းတိုးတက်အောင်မြင်ရန် စနစ်တကျ လုပ်ဆောင်သွားကြရမည်ဖြစ်ပြီး လက်အောက်ဝန်ထမ်းများကိုလည်း အတွေးအခေါ် မှန်ကန်ရေးနှင့် မှန်ကန်သော လမ်းကြောင်းပေါ်သို့ရောက်ရှိရေး ညွှန်ကြားပြသပေးကြရန်၊ နိုင်ငံတော်ကချမှတ်ထားသည့် မူဝါဒများနှင့်အညီ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် မိမိတို့ဝန်ကြီးဌာန/ အဖွဲ့အစည်းများ၏ ရည်မှန်းချက်များ အောင်မြင်စေရေး အဘက်ဘက်က စဉ်းစားတွေးခေါ်သုံးသပ်ပြီး လုပ်သင့်လုပ်ထိုက်သည်များကို ရဲရဲဝံ့ဝံ့ မှန်မှန်ကန်ကန်ဖြင့် ဦးဆောင်အကောင်အထည်ဖော်ကြရန်၊ မိမိတို့ လုပ်ငန်းတာဝန်များကို ထူးချွန်ပြောင်မြောက်စွာ ဆောင်ရွက်နိုင်စွမ်းရှိသူများအဖြစ် အစဉ်ကြိုးပမ်းထမ်းဆောင်ကြရန် မှာကြားကာ သင်တန်းဆင်းအောင်လက်မှတ်များ ချီးမြှင့်သည်။ အဆိုပါ သင်တန်းသို့ သင်တန်းသား ၁၉ ဦး၊ သင်တန်းသူ ရှစ်ဦး စုစုပေါင်း ၂၇ ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ ဇူလိုင် ၂၁ မှ နိုဝင်ဘာ ၁၂ ရက်အထိဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ ရာထူးဝန်အဖွဲ့ဥက္ကဋ္ဌသည် တက္ကသိုလ်ပင်မရုံးတွင် တက္ကသိုလ်မှတာဝန်ရှိသူများ၊ ပါမောက္ခ၊ ပညာဌာနမှူးများနှင့်တွေ့ဆုံ၍ စီမံခန့်ခွဲရေးဆိုင်ရာများ၊ လုံခြုံရေးနှင့်လေ့ကျင့်ရေးဆိုင်ရာ ကိစ္စရပ်များတင်ပြမှုအပေါ် လိုအပ်သည်များ မှာကြားကာ ရတနာခန်းမတွင် တက္ကသိုလ်ရှိ အရာထမ်းများ၊ အမှုထမ်းများ၊ မိသားစုဝင်များနှင့် တွေ့ဆုံ၍ ဩဝါဒစကား ပြောကြားသည်။

ထို့ပြင် အရာထမ်းလောင်း (အထူး) သင်တန်း အမှတ်စဉ်(၁၅)၏ ဘွဲ့နှင်းသဘင်အခမ်းအနားကို တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပပြီး နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ပါမောက္ခချုပ် ဦးကျော်စိုးက ပြည်သူ့ဝန်ထမ်းစီမံခန့်ခွဲမှုဘွဲ့လွန်ဒီပလိုမာ ဘွဲ့လက်မှတ်များ ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**






## ၂၀၂၅ ခုနှစ်၊ ၁၀၅ နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ဆောင်ပုဒ်

စည်းလုံးချစ်ကြည်လက်တွဲညီ
ရွှေပြည်သစ်ဆီလှမ်းကြမည်။

၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၁၀) ရက်
(၁၄-၁၁-၂၀၂၅)

## ၂၀၂၅ ခုနှစ်၊ ၁၀၅ နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ဦးတည်ချက်များ

- ★ ပြည်ထောင်စုကြီးတည်တံ့ခိုင်မြဲရေးကို တိုင်းရင်းသားပြည်သူအားလုံးက အမျိုးသားရေးတာဝန်တစ်ရပ်ဖြင့် ထိန်းသိမ်းစောင့်ရှောက်ရေး။
- ★ အသိပညာအတတ်ပညာပြည့်စုံသော လူ့စွမ်းအားအရင်းအမြစ်များဖြင့် နိုင်ငံတော်ကို တည်ဆောက်ရေး။
- ★ အမျိုးသားပညာရေးကို မြှင့်တင်ခြင်းဖြင့် နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေး။
- ★ အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

# မြန်မာနိုင်ငံမှ I.S.P.E FC အမျိုးသမီးဘောလုံးအသင်းနှင့် ဂျပန်နိုင်ငံမှTOKYO VERDY BELEZA အမျိုးသမီးဘောလုံးအသင်းတို့ အာရှအမျိုးသမီးချန်ပီယံလိဂ် အုပ်စုအဆင့်ပွဲစဉ် ယှဉ်ပြိုင်ကစား

ရန်ကုန် နိုဝင်ဘာ ၁၂

မြန်မာနိုင်ငံမှ I.S.P.E FC အမျိုးသမီး ဘောလုံးအသင်းနှင့် ဂျပန်နိုင်ငံမှTOKYO VERDY BELEZA အမျိုးသမီး ဘောလုံးအသင်းတို့၏ အာရှအမျိုးသမီးချန်ပီယံလိဂ်ပြိုင်ပွဲ အုပ်စုအဆင့်ပွဲစဉ်ကို ယနေ့မွန်းလွဲပိုင်းက ရန်ကုန်မြို့ သုဝဏ္ဏဘောလုံးကွင်း၌ ယှဉ်ပြိုင်ကစားသည်။

ထိုသို့ယှဉ်ပြိုင်နေမှုကို ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ၊ အားကစားနှင့်ကာယပညာဦးစီးဌာနမှတာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ ဖိတ်ကြားထားသူများနှင့် ဘောလုံးပရိသတ်များက ကြည့်ရှုအားပေးကြရာ (ယာပုံ) ပွဲပြီးဆုံးချိန်တွင် ဂျပန်နိုင်ငံမှ TOKYO VERDY BELEZA အမျိုးသမီးဘောလုံးအသင်းက အနိုင်ရရှိခဲ့သည်။

မြန်မာနိုင်ငံမှ I.S.P.E FC အမျိုးသမီးဘောလုံးအသင်းသည် အာရှအမျိုးသမီး ချန်ပီယံလိဂ်ပြိုင်ပွဲ အုပ်စု(C)တွင် တောင်ကိုရီးယား၊ မြောက်ကိုရီးယားနှင့် ဂျပန်နိုင်ငံတို့မှ အမျိုးသမီးကလပ်အသင်းများနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး နိုဝင်ဘာ ၁၅ ရက်တွင် မြောက်ကိုရီးယားနိုင်ငံမှ NAEGO-HYANG FC အမျိုးသမီးဘောလုံးအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ကြောင်း သိရသည်။

ဖွဲ့ထက်ကို(မြန်/ဆက်)





# မန္တလေးမြို့ အမှတ်(၁၈)အခြေခံပညာအထက်တန်းကျောင်း၏ မိဘဆရာအသင်းနှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ထူးချွန်ဆုချီးမြှင့်ပွဲ ပြုလုပ်

နေပြည်တော် နိုဝင်ဘာ ၁၂

မန္တလေးမြို့ နန်းမြို့တွင်းရှိ အမှတ်(၁၈)အခြေခံပညာအထက်တန်းကျောင်း၏ မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ထူးချွန်ဆုချီးမြှင့်ပွဲကို ယနေ့ နံနက်ပိုင်းတွင် အဆိုပါကျောင်းခန်းမ၌ပြုလုပ်ရာ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် တင်မင်းလတ်နှင့် တာဝန်ရှိသူများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ကျောင်းအကျိုးတော်ဆောင်များ၊ ကျောင်းသားမိဘများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ကျောင်းသား ကျောင်းသူများက "ဘက်စုံပညာကိုရည်တို့လှမ်းချီ" သီချင်းဖြင့် သီဆိုဖျော်ဖြေကြသည်။ ထို့နောက် တိုင်းမှူးက အဖွင့်အမှာစကား ပြောကြားပြီး တိုင်းမှူးနှင့် တာဝန်ရှိသူများက ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးရရှိကြသူများ၊ ပညာရည်ချွန်ဆုရရှိကြသူများနှင့် မြို့နယ်အဆင့် အားကစားပြိုင်ပွဲများနှင့် ကာယ၊ ဉာဏပြိုင်ပွဲများတွင် ဆုရရှိခဲ့ကြသည့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုများ အသီးသီးပေးအပ်ချီးမြှင့်ကြသည်။ ထို့နောက် တိုင်းမှူးနှင့် တက်ရောက် လာကြသူများက ကျောင်းသား ကျောင်းသူများ၏ ကပြဖျော်ဖြေမှုများကို ကြည့်ရှုအားပေးကြပြီး တက်ရောက်လာသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်




# မဲစာရင်းများပြည့်စုံမှန်ကန်ရေးနှင့် မဲပေးပိုင်ခွင့်ရှိသူများအားလုံး မဲစာရင်းတွင်ပါဝင်နိုင်ရေး လုပ်ငန်းညှိနှိုင်းစည်းဝေး

နေပြည်တော် နိုဝင်ဘာ ၁၂

ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း မဲစာရင်းများပြည့်စုံမှန်ကန်ရေးနှင့် မဲပေးပိုင်ခွင့်ရှိသူများအားလုံး မဲစာရင်းတွင်ပါဝင်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီရုံး ဇမ္ဗူသီရိခန်းမ၌ ကျင်းပသည်။

ဦးစွာ နေပြည်တော်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးတိုးဝင်းက ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးနှင့်မဲစာရင်းများ မှန်ကန်စေရေးအတွက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးများအနေဖြင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသူများက သက်ဆိုင်ရာမြို့နယ်များအလိုက် မဲစာရင်းများ ပြည့်စုံမှန်ကန်ရေးနှင့်ပတ်သက်ပြီး ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းဆွေးနွေးတင်ပြကြရာ နေပြည်တော်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးက လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။ မြို့နယ်(မြန်/ဆက်)



❏ မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card ၊ Mobile Payment Account ၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

# ပုသိမ်ကြီးမြို့နယ်တွင် (၁၀၅)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ်သတင်းစကား လက်ကမ်းစာစောင်များဖြန့်ဝေ

**ပုသိမ်ကြီး နိုဝင်ဘာ ၁၂**

ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်ရုံးမှ ဝန်ထမ်းများသည် နိုဝင်ဘာ ၁၄ ရက်တွင် ကျရောက်မည့် ၂၀၂၅ခုနှစ် (၁၀၅)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အကြိုထုတ်ဝေထားသည့် သတင်းစကား လက်ကမ်းစာစောင်များကို ယနေ့မွန်းလွဲပိုင်းက အ.ထ.က ပုသိမ်ကြီးကျောင်းသို့ သွားရောက်ဖြန့်ဝေခဲ့ကြသည်။

အဆိုပါ လက်ကမ်းစာစောင်တွင် အမျိုးသားရေးတာဝန်၊ ပြည်ထောင်စုကြီး ငြိမ်းချမ်းဖို့ တစ်မျိုးသားလုံး ညီညွတ်စို့၊ အမျိုးသားအောင်ပွဲနေ့ ဦးတည်ချက်၊ စည်းလုံးချစ်ကြည်လက်တွဲညီ ရွှေပြည်သစ်ဆီ လှမ်းကြမည်၊ သူ့ကျွန်မခံ အမျိုးသားအားမာန်စသည့် ကဗျာ၊ ကာတွန်းများလည်းပါဝင်ပြီး အမျိုးသားနေ့အား အမှတ်ရစေမည့် အကြောင်းအရာများလည်း ပါဝင်ကာ ပုသိမ်ကြီးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် ကျောင်းသား၊ ကျောင်းသူများ၊ အသိပညာဗဟုသုတရရှိစေရန် သတင်းစကား လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**စာနည်းကိုကို**

၀-၀-၀-၀

၀-၀-၀-၀-၀

# ကံပေါင်းပျက်သော် ကံသစ်ဆက်

**ကောင်းတေးသီ(အမရပူရ)**

ကံပေါင်းပျက်သော် ကံသစ်ဆက်ရမည်ဆိုသည့်အတိုင်း ဥပဒေသနှင့်အညီလည်းကောင်း၊ ၄င်းအပြင် အဘိဓမ္မာခုနစ်ကျမ်းတွင် ပဋ္ဌာန်းကျမ်းကြီး၌ မြတ်စွာဘုရားဟောကြားတော်မူသည်မှာ-

ကုသလော ဓမ္မော ကုသလဿ ဓမ္မဿ အနန္တရပစ္စယေနပစ္စယော ဟူ၍ ဟောတော်မူပါသည်။

ကုသလောဓမ္မော - ကုသိုလ်တရားသည် ကုသလဿဓမ္မဿ- ကုသိုလ်တရားအား အနန္တရပစ္စယေန-အနန္တရပစ္စည်းဖြင့်၊ အညမည်- အချင်းချင်း၊ ပစ္စယာ-ကျေးဇူးပြုသည်၊ ဟောတိ-ဖြစ်၏ဟူ၍ ဟောတော်မူသည့်အတိုင်း ကုသိုလ်ကံ ကုသိုလ်ကံချင်းဆက်၍ ကျေးဇူးပြုဘိသကဲ့သို့လည်းကောင်း၊ အကုသိုလ်ကံ အကုသိုလ်ကံချင်းဆက်၍ ကျေးဇူးပြုဘိသကဲ့သို့လည်းကောင်း၊ ဤယခု ကုသိုလ်ကောင်းမှုပြုလုပ်သည်မှာ ‘ကုသလောဓမ္မော ကုသလဿ ဓမ္မဿ အနန္တရပစ္စယေန ပစ္စယော’ ဟူသည်နှင့်အညီ ကုသိုလ်ကံ ကုသိုလ်ကံချင်း ကျေးဇူးပြု၍ ဆက်မိလေအောင် ပြုလုပ်သော မဟာဒါနကောင်းမှုကုသိုလ်တော်ကြီးပင်ဖြစ်သည်။

ကုသိုလ်ကောင်းမှုတို့ကို အကြိမ်ကြိမ်အဖန်ဖန် အထပ်ထပ် အမြဲမပြတ် ပြုလုပ်အပ်ပေသည်။ ကုသိုလ်ကောင်းမှုကို အမြဲမပြတ် ပြုလုပ်အပ်သောကြောင့် တစ်နေ့တစ်ည၌မျှသာရသော ပြည်စည်းစိမ်သည် အသက်ထက်ဆုံး တည်ရဖူးကြောင်း ထုံးဟောင်းသက်သေဝတ္ထုကို သာဓကထုတ် ဆောင်ပြရမည်ဆိုသော် နှစ်ကျိပ်ရှစ်ဆူဘုရားရှိသည့်အနက် လက်ချိုး၍ ရေတွက်သော် နှစ်ကျိပ်အတိပြည့်သော်ကာလ တိဿဘုရားလက်ထက် မပျက်အောင် ကမ္ဘာတည်သည့် ဗာရာဏသီ ပြဟ္မဒတ်နန်းရပ်ကို အုပ်ချုပ်၍ မင်းလုပ်စဉ်အခါ ပညာရှာအလွန်ကောင်းသော်လည်း ထင်းရောင်း၍ အသက်မွေးရသော စာရေးသူတို့ဘုရားအလောင်း ကဋ္ဌဝါဟနလုလင်သည် ရှိသေမှုပြုခြင်းအမှုတွင် အမှန်ယုံကြည်သဖြင့် အရဟံဂုဏ်၏တည်ရာ ဗုဒ္ဓါနုဿတိကို နှုတ်အာရုံဆောင်ပွားများ၍ တစ်ပါးသော နေ့အချိန်အခါ၌ ထမင်းထုပ်နှင့်တကွ တောသို့ဝင်ကာ ဆောလျင်စွာ ထင်းကိုခုတ်ပြီး ထမင်းထုပ်ကို ဖြည်၍ ဆွမ်းတော်တင်၊ မစားခင် နတ်ကိုမြှောက် အရဟတ္တဖိုလ်အရောက် ကူးရပါလို၏ဟု ဆုကို တောင်းပြီး သတ္တဝါအပေါင်းတို့အား အမျှဝေ၊ အားလုံးသတ္တဝါတွေ ကျန်းမာကြပါစေ၊ ချမ်းသာကြပါစေ၊ ဘေးရန်ကင်းကြပါစေ၊ စိုးရိမ်ခပ်သိမ်းကင်းငြိမ်းကြပါစေ၊ ဆင်းရဲခပ်သိမ်းကင်းငြိမ်းကြပါစေ၊ နှလုံးစိတ်ဝမ်းအေးချမ်းကြပါစေဟု မေတ္တာကိုပွားများ၍ ထင်းထမ်း၏အပါး၌ အပန်းဖြေစဉ် နတ်တို့၏ဘုရင်၊ သိကြားမင်းက လုလင်အပါးတွင် ဘွားကနဲ ကိုယ်ရောင်လင်းလျက် ‘အသင်အချင်း ကဋ္ဌဝါဟန သင့်အား ငါစောင်မ,ရအောင်လာသည်။ သင်သည် ပြည်၏စည်းစိမ်ကို လိုသလော၊ ဥစ္စာကို လိုသလော သဘောမိမိ တွေးတောမိ၍ တိတိကျကျ စိတ်မခွဘဲ မိန့်အမြွက်ဆိုလောဟု ဖြည်းညင်းသံချိုသိကြားမင်းဆိုလေသော် ထွေငေါ်မရှိ ဉာဏ်နှင့်ညှိ၍ ကြည့်လိုက်သောအခါ ဥစ္စာမှာမူကား ခံစားရုံသာ၊ ဣဿရိယ မရှိ၊ ပြည်၏စည်းစိမ်ကား အများသတ္တဝါ ရှင်ပါ၊ လူပါ ဥစ္စာကိုသာရသည်ဖြစ်၍ စောင်မ,မည် ကတိအတည်ရှိမူ ပြည်၏စည်းစိမ်ကိုသာ အလိုရှိပါသည်’ ဟုဆိုလေလျှင် သိကြားမင်းလည်း ‘အသင်ကဋ္ဌဝါဟန ငါ စောင်မ,မည့်အရာမှာ ဒါနတွင်တည်သဖြင့် အရှည်သမယ မည့်မျှ ကြာအောင်လိုသနည်း’ ဟုဆိုလေလျှင် ‘အရှင်သိကြားမင်း မယွင်းမကွက် မင်းအဆက်ဆက်တို့ကဲ့သို့ အသက်နှင့်အမျှ ပေးတော်မူပါ’ ဟုဆိုသောအခါ သိကြားရာဇာလည်း ချတွက်၍ ကြည့်လေရာ အသက်နှင့်အမျှရနိုင်၏။ မရနိုင်၏ကို ငါမပေး တဖြည်းဖြည်း ဆုပ်ခဲ့ဘိ၍ တစ်နှစ်အထိပင် မပေးနိုင်လေက ‘အရှင်သိကြားမင်း အပိုမန္တိုင်း အဆိုမရိုင်းရအောင် အလိုအတိုင်းသာ ပေးတော်မူပါ’ ဟုဆိုလျှင် သိကြားမင်းလည်း ‘ပကတိအရ အတွေ့ပြရမှာဖြင့် တစ်နေ့နှင့်တစ်ညသာယူစေဟု လုလင်၏ ဉာဏ်ကို သိလိုသည့်အရေးနှင့် နှုတ်ကတိပေးပြီး ကွယ်လေလျှင် ကဋ္ဌဝါဟန လုလင်လည်း ထင်းစည်းကိုထမ်း လာလမ်းသို့ ပြန်လေသော် ဘယ်ရောက်မှန်းမသိအောင် သိကြားမင်းလှည့်စား၍ မျက်စိလည်လမ်းမှားပြီး အပန်းတကြီးနှင့် ရမ္မာဝတီပြည်နယ်အတွင်းသို့ ခဏချင်း ရောက်လေလျှင် မြို့အရှေ့ ညောင်ပင်ရင်း၌ ထင်းထမ်းကိုချ လမ်းမှားခဲ့ပြီ၊ ငါတို့ပြည်မဟုတ်တကား ယနေ့သည်ကားဆိုလျှင် နေဝင်ပြီး၍ အသစ်တစ်ဖန်မရှေ့သာ၊ ယနေ့တာသည်တွင် အိပ်တော့အံ့၊ နက်ဖြန်နံနက် အရုဏ်ကျင်း၍ နေဝန်းပေါ်တော့မှ နေရင်းသို့ ပြန်တော့မည်’ ဟု ကြံစည်တွေးတောပြီး လူမောစိတ်မောနှင့် အိပ်မောကျလေရာ . . .

ထိုအခါ အလွန်သာယာစည်သည့် ရမ္မာဝတီပြည်တွင် မကြာမီပင် မင်းတရားကြီး နတ်ရွာစံခဲ့၍ သားထောက်သားခံမရှိ၍ မင်္ဂလာဖုတ်သွင်းရထားလွှတ်ချိန်ဖြစ်လေသည်။ ဖုတ်သွင်းရထား လွှတ်ကြတော့ ရုတ်ခြည်း ကဋ္ဌဝါဟနခြေရင်းသို့ ဆိုက်ရောက်လေသော် တိုက်စည် မြောက်စည် အလီလီသော လက်နက်မျိုးတို့ဖြင့် တစ်ပြိုင်နက်တည်းနှိုးသဖြင့် ပုဆိုးဖွင့်၍ ကြည့်ပြီးလျှင် တည်ကြည်သော မျက်နှာ၊ သာယာသော စကားတို့ကို ပြောကြားမေးမြန်း၍ ထီးနန်းကို အပ်ကြပြီးသော်-

ကဋ္ဌဝါဟနမင်းလည်း မယွင်းယခု ငါမင်းပြုရသည်မှာ တစ်နေ့နှင့်တစ်ည၌မျှသော စည်းစိမ်သာဖြစ်ချေသည်။ မင်းဖြစ်၍ ဥစ္စာပစ္စည်းတို့ကို အစိုးရခိုက် ရွှေတိုက်၊ ငွေတိုက်၊ ဘဏ္ဍာတိုက် အလုံးစုံတို့ကို အကုန်ဖွင့်စေ၍ မြတ်စွာဘုရားနှင့်တကွ တပည့်သား သံဃာတော်အပေါင်းတို့အား ကြီးစွာသောအလှူကို ပေးတော်မူ၏။

ရက္ခစိုး၊ ဘုမ္မစိုး၊ အာကာသစိုး၊ စတုမဟာရာဇ် တာဝတိံသာ ယာမာကုသိတာ အစရှိသော နတ်ကောင်းနတ်မြတ်တို့နှင့်တကွ ရွာစောင့်နတ်၊ မြို့စောင့်နတ်၊ ပြည်စောင့်နတ်၊ အိမ်စောင့်နတ်၊ ကျောင်းစောင့်နတ်၊ သာသနာတော်စောင့်နတ် တည်းဟူသော နတ်များအပေါင်းတို့ကိုလည်း နန်းဦး၌ ကြီးစွာသော မလိနတ်စာကို ပေး၏။ ထိုအခါ အလုံးစုံသောနတ်အပေါင်းတို့သည် အလွန်နှစ်သက်ဝမ်းမြောက်ကြကုန်သည်ဖြစ်၍ ယနေ့အသစ်ဖြစ်သော ကဋ္ဌဝါဟနမင်းအား သိကြားမင်းထံ ညီညာ၍ ဤအခါပြည်ရွာ သာလှပါသည်။ သတ္တဝါဝေနေ ဘေးမသန်းဘဲ အေးချမ်းလှပါသည်။ ဝပြောသာယာ စီးပွားများပြားလှပါသည်။

သို့ဖြစ်ပါ၍ ယနေ့အသစ်ဖြစ်သော ကဋ္ဌဝါဟနမင်းအား တစ်နေ့နှင့်တစ်ညကို ပယ်ဖျက်၍ အသက်နှင့်အမျှပေးတော်မူပါဟု သိကြားမင်းထံ ဝိုင်းဝန်းတောင်းပန်ကြလေသော် သိကြားမင်းလည်း ‘ကုသလောဓမ္မော ကုသလဿ ဓမ္မဿ အနန္တရပစ္စယေန ပစ္စယော’ ဟူသော မြတ်စွာဘုရား ဟောတော်မူအပ်သော ပဋ္ဌာန်းကျမ်းကြီးကို ဥဒါန်းကျူးတော်မူ၍ နတ်တို့အလိုရှိတိုင်း တည်ပါစေဟု အခွင့်ပြုရာဘိသကဲ့သို့ တစ်နေ့နှင့်တစ်ည၌မျှသာရသော ပြည်စည်းစိမ်သည် အသက်ထက်ဆုံးတည်ဖူးကြောင်း ထုံးဟောင်းသက်သေ သာဓကပင်ဖြစ်သည်။

ထို့ကြောင့် ကောင်းမြတ်သော ကုသိုလ်နှင့်ယှဉ်ရာ ကောင်းမှုပြုသောသူအား ကြီးမြတ်သော ကောင်းမှုသည်လည်းကောင်း၊ ကြီးမြတ်သော အကျိုးသည်လည်းကောင်း၊ ကြီးမြတ်သောတန်ခိုးသည်လည်းကောင်း၊ ကြီးမြတ်သောစည်းစိမ်ချမ်းသာသည်လည်းကောင်းဖြစ်ရလတ္တံ့၊ ကောင်းမြတ်သောကုသိုလ်မင်္ဂလာသည် ရန်သူကို အောင်မြင်ခြင်းသည်ဖြစ်စေ၏ဟူ၍ ဘုရားဟောဒေသနာ လာရှိသောကြောင့် ကံပေါင်းပျက်သော် ကံသစ်ဆက်ဆိုသည့်အတိုင်း ကုသိုလ်ကောင်းမှုကို အမြဲမပြတ် ပြုလုပ်အားထုတ်သင့်ပါကြောင်း ရေးသားဖော်ပြလိုက်ရပေသည်။

# ယနေ့ (သို့မဟုတ်) ပစ္စုပ္ပန်

**ဌေးကြည်**

‘မနေ့က ရှိ၍ ယနေ့ ရှိမည်’
ယနေ့ ရှိ၍ မနက်ဖြန် ရှိမည်’
သို့အတွက် ယနေ့ကို အရယူကြရပေမည်။
‘ယနေ့သည် သင့်လက်ထဲတွင် ရှိပါသည်’
‘ယနေ့ ရှင်သန်တာ မနက်ဖြန်အတွက်’
သို့အတွက် မည်သည့်နာရီမျှ မော့မကြည့်ဘဲ လုပ်စရာရှိတာလုပ်ကြရပါမည်။

လူ့လောက နိယာမသဘာဝအရ အချိန်အပိုင်းအခြားတို့မည်သည် ပြောင်းလဲတတ်သော ဖြစ်စဉ်သဘောတို့အတိုင်း မနေ့က အတိတ်သည် ရိတ်ပြီးသား စပါးလို ပြီးဆုံးခဲ့လေပြီ။ ရောက်မလာသေးသော မနက်ဖြန်သည်လည်း ရေပေါ်မှာ အရုပ်ရေးသလို ဘာဆိုဘာမှမရေးရာ၍ အဖြေရှာမရသော ပုစ္ဆာတစ်ပုဒ်မျှသာပင်။ မျက်မှောက်ဖြစ်သော ယခုလက်ရှိပစ္စုပ္ပန်သာလျှင် ယနေ့ဘဝအတွက် လက်တွေ့ဖြစ်၍ ယနေ့ကိုသာလျှင် လက်တွေ့အသုံးပြုရမည်။ထိုယနေ့ ပစ္စုပ္ပန်သာလျှင် အကောင်းဆုံးအချိန် အကောင်းဆုံးမိတ်ဆွေဖြစ်၍ အကောင်းဆုံးအလုပ်များ လုပ်ဆောင်ကြရမည်။

လူသားတို့ ပိုင်ဆိုင်ကြရမည့်အချိန်မှာလည်း တစ်နေ့လျှင် (၂၄)နာရီမျှသာပင် ဖြစ်ပါသည်။ အချိန်အတိုင်းအတာအရ (၂၄)နာရီထက် မည်သူ့ကိုမျှ အချိန်ပို၍မပေး။ သို့အတွက် ကျွန်ုပ်တို့ ပိုင်ဆိုင်ခွင့်ရထားသော (၂၄)နာရီမှာ ‘ယနေ့’ တန်ဖိုးကို အရမယူတတ်ကြပါလျှင် အလေးမထားပေါ့ဆသူ၊ တန်ဖိုးမဲ့သူအဖြစ် နောက်ချန် ကျန်ရစ်ခဲ့ရပေလိမ့်မည်။

ယနေ့သည် ကျွန်ုပ်တို့အတွက် ဤမျှအထိ အရေးကြီးပါသည်။ ယနေ့ကြောင့် ကျွန်ုပ်တို့ ပျော်ရမည်။ ငိုကြရမည်။ သင်ခန်းစာ၊ နောင်တနှင့် ပျော်ရွှင်စရာများ ရရှိကြရမည်ဖြစ်၍ ယနေ့ကို မနက်ဖြန်သို့ မရွှေ့ပါနှင့်’ ဟုပင် ဆောင်ပုဒ်တစ်ခု ရေးသင့်လှပါသည်။

သို့သော် လူတော်တော်များများသည် ဤမျှအထိ အရေးကြီးပါသော ‘ပစ္စုပ္ပန်’ ယနေ့ကိုမေ့၍ ပြီးဆုံးသွားသော မနေ့ကအကြောင်းများနှင့် ရောက်မလာသေးသော မနက်ဖြန်တို့ကို တွေးတောပူပန်ရင်း ‘မရောင်ရာကို ဆီလူး’ တတ်ကြ၍ ယနေ့ရရှိမည့် အခွင့်အရေးများ လက်လွှတ်ဆုံးရှုံးကြရပေမည်။

အချို့မှာလည်း ပျင်းရိခြင်း ခြောက်ပါးကို လက်ကိုင်ထား၍ ‘ယနေ့’ အလုပ်ကို မနက်ဖြန်သို့ ရွှေ့ဆိုင်းရင်း မနက်ဖြန်ကို ရောက်သော်လည်း နောက်တစ်နေ့မှ နောက်တစ်နေ့ အထပ်ထပ် ပြောင်းရွှေ့တတ်ကြသဖြင့် ဘာဆိုဘာမှ မလုပ်ဖြစ်ကြတော့သည်မှာ ‘ယနေ့’ ကို အသုံးမချမိ၍ ဆုံးရှုံးလက်လွှတ်ရမှုများ ဖြစ်ပါသည်။ အချို့မှာလည်း အကြွေးပေးမည့်သူက ‘ယနေ့’ လာယူပါဆိုတာကိုပင် ‘ယနေ့’ ပြဿဒါး၊ မနက်ဖြန် ရက်ရာဇာမှ သွားယူမည်ဟု ရက်ရာဇာ ပြဿဒါးရွေး၍ အချိန်ရွှေ့ဆိုင်းလိုက်သဖြင့် လွဲချော်ဆုံးရှုံးမှုများ တွေ့ကြုံခဲ့ရသည်။ ဤသည်ကို ထောက်ရှုလျှင် မနေ့က တစ်နေ့လုံးထက် ပို၍ အရေးကြီးသော ယနေ့အတွက် ခဏတာ အချိန်တိုလေးများသည် ဤမျှအထိ အဖိုးတန်လှပေစွ။

သို့အတွက်လည်း တော်စတွိုင်း နီတိပုံပြင်များထဲမှ ‘အရေးအကြီးဆုံးအချိန်ဆိုတာ ယခု’

‘ယခု အရေးအကြီးဆုံး အချိန်ဆိုတာ ယနေ့’ ဟု ညွှန်းဆိုထားသောစကားစုကို အတုယူကြရပေမည်။ အတိတ်နှင့် ပစ္စုပ္ပန်တွင်လည်း အခွင့်အရေးဆိုတာ ပစ္စုပ္ပန်မှာပဲရှိ၍ အတိတ်မှ ဖြစ်ရပ်များအတွက် အချိန်ဖြုန်းမနေကြဘဲ ယနေ့သတ္တိများကိုပင် လက်ငင်းအသုံးပြုရန် လိုအပ်လှပါသည်။

‘ဘဝတွင် ဘယ်လိုနေရမလဲ’ ဟု ‘ဆော့ခရတ္တိ’ က ပုစ္ဆာတစ်ပုဒ် အမေးထုတ်ခဲ့ဖူးရာ ‘ယနေ့အတွက် ယနေ့ကိစ္စများနှင့်ပင် နေထိုင်ဆောင်ရွက်ပါမည်’ ဟု ဖြေဆိုရုံမှတစ်ပါး အခြားမရှိပါ။

လူက အချိန်ကိုစား၍ အချိန်ကပင် လူကို ပြန်စားနေကြရသော အချိန်ယန္တရားများထဲတွင် လက်ရှိအချိန်မှာ ‘ယနေ့’ ဖြစ်၍ ‘ယနေ့လက်ရှိအချိန်ကို ဘဝနှင့်ပေါင်းစပ်ပြီး အကျိုးရှိရှိအသုံးပြုတတ်ကြရန် ‘အသိ’ လိုသည်။ ‘အသိ’ ရှိမှ အကျိုးရရှိမည်ဖြစ်၍ မသိလျှင် သိအောင်လုပ်၍၊ သိလျှင် လက်တွေ့အသုံးချရပေမည်။

ဤအသိနှင့်အလုပ်ကိစ္စနှင့်ပတ်သက်၍ မင်းတုန်းမင်းကြီး မေးသည်ကို ယောအတွင်းဝန် ဦးဖိုးလှိုင်က ‘မရှိတာထက် မသိတာခက်’၊ ‘မသိတာထက် မလုပ်တာခက်၍၊ မရှိတာကို ရှိအောင်လုပ်၍ ရပါသည်’၊ ‘မသိတာကို သိအောင် လုပ်၍ ရပါသည်’ သို့သော် ‘မလုပ်ပါက ဘာမှ ဖြစ်မလာပါ’… ဟု ဖြေဆိုထားသဖြင့် ‘အသိ’ ကို ‘အလုပ်’ နှင့် သက်သေပြမှ ‘ယနေ့’ တန်ဖိုးအကျိုးရှိစေမည်။

ထိုသို့ အကျိုးရှိစေရန် အချိန်ကို အသုံးပြုတတ်မှုသည်လည်း အလွန်အကျိုးကြီးပေစွ။ ‘အချိန်နှင့်ဒီရေသည် လူကို မစောင့်သဖြင့် လူသည် အချိန်နှင့် တစ်ပြေးညီ ဖြစ်စေရမည်။ သို့အတွက် အချိန်၏နောက်တွင်ရောက်နေသူသည် တိုးတက်ခေတ်မီသောသူမဟုတ်။ သို့အတွက် အချိန်ကို မည်သည့်အခါမှ မိမိရှေ့မှ သွားခွင့်မပြုဘဲ မိမိကသာလျှင် အချိန်၏ရှေ့ကို ရောက်ရှိရပေမည်။

ကြွေပြီးသစ်ရွက် ပြန်မဆက်တော့သလို မနေ့တုန်းက ဖြစ်ရပ်တွေကို မည်သို့မှ ပြောင်းလဲပစ်ရန် မလွယ်ကူသော်လည်း မနက်ဖြန် ရောက်ရှိလာမည့်ဖြစ်ရပ်များကို အလွယ်တကူ တည်ဆောက်နိုင်မည်မှာ ‘ယနေ့’ ပင် ဖြစ်ပါသည်။

‘လူ့ဘဝသည် ရွက်ကြွေတွေလို လွင့်မျောခြင်း’
‘အမှန်တရားသည် ရေစီး၌ စာရေးခြင်း’
‘ဒဿနဆိုသည်မှာ တိမ်အရုပ်ကို ဖမ်းဆုပ်ခြင်းမျှသာ’…ဟုဆိုသော ‘ဆရာ နန္ဒသိန်းဇံ’ ၏ အတွေးအခေါ်အရ ဘာမှ မရေရာသော လူ့ဘဝတွင် ‘ယနေ့’ ကို အသုံးပြု၍ ရေရာအောင် ဖန်တီးရင်း မျှော်လင့်ချက်ကမ်းပါးများ ပြိုကျမသွားအောင် ယုံကြည်ချက်တမံနှင့် ဖန်တီးတည်ဆောက်ရပေမည်။

သို့မှသာ ယနေ့လုပ်ဆောင်မှု၏ သော့ချက်များသည် မနက်ဖြန် ဖွင့်လှစ်လာမည့်တံခါးချပ်များ ဖြစ်ပေလိမ့်မည်။ ယနေ့လုပ်ဆောင်မှုများသည် အကောင်းဆုံး ဖြစ်ချင်မှဖြစ်မည်။ သို့သော် မဆိုးလျှင်လည်း အကောင်းဆုံးဟုယူဆ၍ ကောင်းသည်ထက် ပို၍ကောင်းအောင် လုပ်ဆောင်နိုင်လျှင် ‘ယနေ့’ ၏ အကောင်းဆုံးတွေကို ကျွန်ုပ်တို့ပိုင်ဆိုင်ရပေလိမ့်မည်။

စောစောထသော ငှက်များ အစာဝသည်…၊ အိမ်ရာထ ငါးမိနစ်မျှ နောက်ကျခြင်းသည် တစ်နေ့တာလုံးအတွက် လိုက်မမီအောင် ဆုံးရှုံးတတ်ကြရတာမို့ အစောဆုံးယနေ့ကို ဖန်တီးကြရပေမည်။

သို့မှသာ မနေ့က အဖြစ်အပျက်နှင့် မနက်ဖြန် မျှော်လင့်ချက်…ဆိုသည့်အရာနှစ်ခုကို ပေါင်းစပ်ထားသည့် ‘ယနေ့’ သည် လူတိုင်းအတွက် အကျိုးရရှိ၍ တန်ဖိုးရှိလာမည်။ တန်ဖိုးရှိအောင်လည်း အလုပ် လုပ်ကြရပေမည်။

‘ဘယ်အလုပ်မဆို လူတိုင်းအတွက် မနက်ဖြန်ဆိုတာရှိစမြဲပါ’

ထိုစကားစု၏ ရေစီးကြောင်းအတိုင်း…

နေ့အသစ်တိုင်းသည် ခွန်အားအသစ်နှင့် အတွေးအခေါ်အသစ်များ ပေးနေတတ်သည်။ သို့အတွက် လှပသော မနက်ဖြန်၏ အနာဂတ်များကို စာဖတ်နိုင်ရန်…

တစ်နေ့ တစ်ခေတ်၊ ယနေ့ အသစ်များဖန်တီးတည်ဆောက်ကြပါစို့…။

# နိုင်ငံတကာ ရုပ်ရှင်၊ ဂီတ သတင်းများ



## သွေးချိုဆီးချိုရောဂါ ရောင်ရမ်းသက်သာပျောက်ကင်းစေရန် ဘာရီစီတီနစ်ဆေးကို ပုံမှန်သောက်သုံးသင့်

အမျိုးအစား(၁) ဆီးချိုရောဂါအသစ် စတင်ဖြစ်ပွားသူများအတွက် အဆစ်အမြစ်ရောင်ခြင်းနှင့် ဆံပင်ကျွတ်ခြင်းကုသရာတွင် အသုံးပြုပြီးဖြစ်သည့် ဘာရီစီတီနစ်ဆေးကို နေ့စဉ်သောက်သုံးစေပြီး ၂၀၂၃ ခုနှစ်က ဩစတြေးလျသုတေသီများ သုတေသနပြုခဲ့သည်။

အဆိုပါ သုတေသနတွင် ယင်းဆေးသည် ခန္ဓာကိုယ်၏ အင်ဆူလင်ထုတ်လုပ်မှုကို ကာကွယ်ပေးနိုင်ပြီး ရောဂါ၏တိုးတက်မှုကို နှေးကွေးစေနိုင်ကြောင်း တွေ့ရှိခဲ့သည်။

ယခုနှစ် ဗီယင်နာမြို့ရှိ ဥရောပ ဆီးချိုရောဂါ လေ့လာရေးအဖွဲ့ နှစ်ပတ်လည်အစည်းအဝေးတွင် တင်ပြခဲ့သည့် စမ်းသပ်မှု၏ နောက်ဆုံးလေ့လာတွေ့ရှိချက်များကို အစီရင်ခံတင်ပြခဲ့သည်။

အလားအလာကောင်းသော ဆေးဝါးများထဲမှ ဘာရီစီတီနစ်သည် ထူးခြားပြီး ၄င်းကိုပါးစပ်မှ သောက်သုံးနိုင်ခြင်း၊ ကလေးငယ်များအပါအဝင် ကောင်းစွာခံနိုင်ရည်ရှိစေကြောင်း ဩစတြေးလျနိုင်ငံ စိန့်ဗင်းဆင့်ဆေးဘက်ဆိုင်ရာ သုတေသနဌာနမှ စာရေးသူဒေါက်တာ မီခါလေယာဝိုင်ဘဲလ်က ထောက်ခံပြောကြားသည်။ (SCI)

## Kannappa တွင် ဟိန္ဒူဘာသာရေးအကြောင်း ရိုက်ကူးထား





၂၀၂၅ ခုနှစ်တွင် ထွက်ရှိလာသည့် ရုပ်ရှင် Kannappa တွင် ဟိန္ဒူဘာသာရေးအကြောင်း ရိုက်ကူးထားပြီး နာမည်ကြီး အနုပညာရှင်များစွာ ပါဝင်ထားကြောင်း ဘောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါ ဇာတ်ကားမှာ ဟိန္ဒူဘုရား အရှင်သီဝကို မယုံကြည်သည့် ဆင်းရဲသားအကြောင်းကို ကြည့်ရှုသူများအားပညာပေးအနေနှင့် ရိုက်ကူးထား၍ ဟိန္ဒူဘာသာရေးအကြောင်း အနည်းငယ် သိခွင့်ရရှိမည် ဖြစ်သည်။

ပါဝင်ထားသည့် အနုပညာရှင်များတွင် ဘာဟုဘာလီမင်းသား၊ အရှေးကူးမား၏၊ မင်းသမီး ကာလ်ဂျဲ၊ မင်းသား ဗစ်ရှနူးတို့အပြင် ဇာတ်ပို့ဇာတ်ရံများစွာနှင့် အားဖြည့်ထားသည်။

အရှေးကူးမား၏ အဓိကပါဝင်ထား၍ ပရိသတ်စိတ်ဝင်စားမှု မြင့်မားနေကြပြီး သူ ပါဝင်ထားသည့် ဟိန္ဒူဘာသာရေးရုပ်ရှင်ဇာတ်ကားများမှာ ပရိသတ်အတွက် ပညာပေးဇာတ်ကားများသာ ဖြစ်ခဲ့သည်။

(SKY)

## TXT မှ Huening Kai က ပရိသတ်များကို တောင်းပန်စာ ပို့ထား

တီအိပ်တီအဖွဲ့ဝင် ဟူနင်းကိုင်သည် ပရိသတ်များကို စာရှည်ရေးပြီး သူ့ကို တိုက်ခိုက်ခံရ၍ အထင်လွဲမှားမှုအတွက် တောင်းပန်ထားကြောင်း ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ဟူနင်းကိုင်က အဆိုပါကိစ္စနှင့် ပတ်သက်၍ ရှောင်နေခြင်း မဟုတ်ဘဲ အိမ်တွင်း၌သာ နေသူဖြစ်၍ သူ့ကို တိုက်ခိုက်ထားမှုအပေါ် မသိရှိခဲ့ကြောင်း၊ အားလပ်ရက်တွင် ဆိုင်များပိတ်ထား၍ ဖွင့်ထားသော နေရာကို သွားခဲ့ရာမှ အမျိုးသမီးတစ်ဦးကို ပစ်မထားချင်ခဲ့၍ အခန်းအထိ လိုက်ပို့ပေးခဲ့ကြောင်း ရေးသားထားသည်။



အမာခံပရိသတ် မိုအာများကို စိတ်ပူစေအောင် လုပ်မိ၍ တောင်းပန်ပါကြောင်း၊ သူ့ဘဝတွင် မိသားစု၊ အဖွဲ့ဝင်များနှင့် ပရိသတ်များသာ အရေးကြီးဆုံးဖြစ်ကြောင်း၊ နားလည်လွဲမှားမှုအတွက် မှားယွင်းသွားလျှင် တောင်းပန်၍ ယုံကြည်စရာ လူဖြစ်အောင် ကြိုးစားနေထိုင်သွားမည်ဖြစ်ကြောင်း စသည်ဖြင့် တောင်းပန်စာရှည်ရေးသားပေးပို့ထားသည်။ (SKY)

## Animal ရုပ်ရှင်မှ မင်းသမီး Tri Pathe နာမည်ကျော်ကြားနေ

ဘောလိဝုဒ် အနုပညာရှင် ထရီပတီသည် Animal ရုပ်ရှင်ဇာတ်ကားတွင် ပါဝင်ပြီး နာမည်ကျော်ကြားမှုများ ရရှိနေကြောင်း ဘောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ထရီပတီ ပါဝင်ထားသည့် ရုပ်ရှင်ဇာတ်ကား Qala, Bulbbul နှင့် Laila Majnu တို့မှာလည်း ဝင်ငွေများစွာနှင့် အောင်မြင်မှုရရှိထားကာ ၂၀၁၇ ခုနှစ်တွင် ထွက်ရှိထားသည့် ဆရီးဒေဗီဝါရင့်မင်းသမီးကြီး၏ Mom ရုပ်ရှင်တွင်လည်း အနုပညာစွမ်းရည်ပြသထားသည်။

လက်ရှိ အသက် ၃၁ နှစ်ပြည့်ပြီဖြစ်သည့် ထရီပတီသည် ဒါရိုက်တာနှင့် ထုတ်လုပ်သူများ၏ ကမ်းလှမ်းမှုများစွာနှင့် အနုပညာခရီးလမ်းတွင် နာမည်ကျော်ကြားနေသည်။

(SKY)





## G-Dragon က ခံစားမှုကို တန်ဖိုးထားသူဖြစ်ကြောင်း သိရ

ကေပေါ့ပ်ဘုရင်ဟု သတ်မှတ်ခံရသည့် ဂျီဒရယ်ဂွန်(ခေါ်)ကွမ်ဂျီယောင်းသည် အရေအတွက်များ၊ တိုင်းတာမှုများထက် ခံစားမှုအား တန်ဖိုးထားသူဖြစ်သည်ကို သူ၏ ရသစုံအစီအစဉ် Good Day တွင် မြင်တွေ့ကြရကြောင်း ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ဂျီဒရယ်ဂွန်က ယင်းအစီအစဉ်အတွက် နယ်ပယ်စုံမှ အနုပညာရှင်များကို ဖိတ်ခေါ်ခဲ့ရာတွင် အချိန်ကြာမြင့်သော်လည်း သူ့နှလုံးသားအနက်ရှိုင်းဆုံးတစ်နေရာမှ တန်ဖိုးထားချစ်ခဲ့ရသူများနှင့်အတူ ကိုယ်ကာယပိုင်းရော စိတ်ပိုင်းပါ နှစ်မြုပ်ရိုက်ကူးထားသည်။

အနုပညာရှင်များကလည်း ဂျီဒရယ်ဂွန်ကြောင့် အပြေးရောက်လာကြကာ နှစ်များစွာက တွေ့ခဲ့သည့် အသက် ၄၀ ကျော် ဂန်ဟောင်ဒုံနှင့် ၃၀ ကျော် ဂျီဒရယ်ဂွန်တို့ စိတ်ချင်းနီးစပ်၍ ရယ်မောပျော်ရွှင်ဖွယ် ပြန်လည်မြင်ခဲ့ကြရသည်။ ဂန်ဟောင်ဒုံက ဂျီဒရယ်ဂွန်၏ ဖက်ရှင်စတိုင်လ်ကို ပြောင်းပြန်လှန်ကာ ဘောထုပ်အင်္ကျီ၊ လက်စွပ်အတု၊ အိတ်အတု၊ လည်စည်းပဝါတို့ကို အပေါစားဆင်မြန်းပေးခဲ့ပြီး စတိုင်လ်သစ်ထုတ်ပေးသည်ကို ကျေနပ်စွာခံယူခဲ့ကာ ပျော်ရွှင်နေသည်ကို ပရိသတ်နှစ်ခြိုက်မဆုံး ဖြစ်နေကြသည်။(SKY)





## Kate Winslet ဒါရိုက်တာအဖြစ် ပွဲဦးထွက်ထား

နာမည်ကျော် တိုက်တန်းနစ် မင်းသမီး ကိတ်ဝင်းစလက်သည် သရုပ်ဆောင်အဖြစ်သာမက ဒါရိုက်တာအဖြစ် ပွဲဦးထွက်ရုပ်ရှင် Goodbye Jun ကို ရိုက်ကူးထားကြောင်း ဟောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ကိတ်ဝင်းစလက်က ဒါရိုက်တာ အဖြစ်သာမက ကိုယ်တိုင်ပါဝင်သရုပ်ဆောင်ထားပြီး အနုပညာရှင် တိုနီကောလီတီဂျွန်နီဖလန်၊ အန်ဒါရာရစ်ဆီဘိုရော၊ တီမိုသီစပဲလ်နှင့် ဝါရင့်မင်းသမီးကြီး ဟယ်လင်မီရမ်တို့လည်း ပါဝင်ကာ ဇာတ်ညွှန်းကို သားဖြစ်သူ ဂျိုအာဒန်က ရေးသားပြီး ကိတ်ဝင်းစလက်က သရုပ်ဆောင်၊ ဒါရိုက်တာ၊ ထုတ်လုပ်သူအဖြစ် တာဝန်ယူထားသည်။

ကိတ်ဝင်းစလက်က ဒါရိုက်တာအဖြစ် ပွဲဦးထွက်ရာတွင် နည်းပညာပိုင်းဆိုင်ရာများကို နားလည်တတ်ကျွမ်းအောင်သင်ကြားထားပြီး သေချာနားလည်ခံစား၍ ဆုံးဖြတ်ချက်ချခြင်းဖြစ်ကာ ယခင်ကပင် ဒါရိုက်တာမလုပ်ဖြစ်သော်လည်း အမျိုးသမီးများ ခေတ်ယဉ်ကျေးမှုပုံစံ ပြောင်းလဲလာရာမှ ဒါရိုက်တာအဖြစ် လုပ်ကိုင်ခဲ့ခြင်း ဖြစ်သည်။ (SKY)

## Cha Joo Young က အနုပညာကို ရူးသွပ်ခဲ့သူဖြစ်

ကိုရီးယားအနုပညာလောကတွင် သရုပ်ဆောင်လျှင် မအိပ်မနေ ဖွဲကြိုးသူဖြစ်ပြီး ဖြတ်လမ်းမလိုက်ဘဲ မှန်ကန်စွာ တစ်စိုက်မတ်မတ် လုပ်တတ်သူ ချာဂျူယောင်းသည် အနုပညာကို ရူးသွပ်စွာ ဝင်ရောက်လာခဲ့သူဖြစ်ကြောင်း ကိုရီးယားဘိုးဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ချာဂျူယောင်းသည် အမ်စီယူဂျေဆွတ်၏ Quiz on the Block တွင် သူ ဖြတ်သန်းခဲ့ရသည့် အနုပညာခရီးအကြောင်း ရင်ဖွင့်ရင်း ငိုခဲ့သည်အထိ ဖြစ်ခဲ့ကာ ဖခင်၏တစ်ချက်လွှတ်အမိန့်နှင့် နိုင်ငံခြားတွင် ကျောင်းတက်ခဲ့ရပြီး သရုပ်ဆောင် အလုပ်ကို သဘောမတူကြောင်း၊ ငွေပေး၍ ရပ်ခိုင်းခဲ့သည်ထိ ဖြစ်ခဲ့ကြောင်း၊ အမျိုးသမီးတစ်ဦးက နိုင်ငံခြားပညာသင်မည့်အစား ယောက်ျားယူတာ မဟုတ်ဘူးဟု ပြောခံခဲ့ရကြောင်း ရင်ဖွင့်ခဲ့သည်။

အသက် ၂၇ နှစ်တွင် ရူးသွပ်သော အနုပညာသရုပ်ဆောင်နယ်ပယ်ထဲ ဝင်ခဲ့ကာ အသက် ၃၀ နှစ်မှ မအောင်မြင်လျှင် စာဆက်သင်မည့်ကတိနှင့် မင်းသမီးဖြစ်လာပြီး လမ်းပျောက်ခဲ့ကြောင်း၊ အလုပ်အကိုင်နေရာတွင် သရုပ်ဆောင် မင်းသမီးဟု ရေးရသည်ကို ရှက်ခဲ့၍ ကြိုးစားကာ အစစ်အမှန် ပုံစံကို ချပြနိုင်ရန် နေ့မအိပ်၊ ညမအိပ် ကြိုးစားခဲ့ရကြောင်း ချာဂျူယောင်းက သူ၏ ရူးသွပ်မှုကို ထုတ်ဖော်ပြောကြားသွားသည်။

(SKY)



# ပါကစ္စတန်နိုင်ငံတွင် နိုင်ငံသားများ၏ လူမှုစီးပွားဘဝမြှင့်တင်ရေးဆောင်ရွက်မည်



**အစ္စလာမာဘတ် နိုဝင်ဘာ ၁၂**

ပါကစ္စတန်အစိုးရသည် နိုင်ငံသားများ၏ လူမှုစီးပွားဘဝများမြှင့်တင်ရေး၊ နိုင်ငံအတွင်းငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် ကမ္ဘာ့စုံတွင် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးတို့အတွက် ဆောင်ရွက်မည်ဖြစ်ကြောင်း ဝန်ကြီးချုပ် ရှာဗတ် ရှာရစ်က နိုဝင်ဘာ ၁၁ ရက်တွင် ပြောသည်။

ကမ္ဘာပေါ်တွင် ဖြစ်ပွားနေသည့် ပဋိပက္ခများကို လေ့လာခြင်းဖြင့် ငြိမ်းချမ်းရေးနှင့်တည်ငြိမ်ရေးသည် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး၏ အုတ်မြစ်ဖြစ်ကြောင်း တွေ့ရှိခဲ့သည်ဟု ၎င်းက ပြောသည်။

ပါကစ္စတန်အနေဖြင့် အချုပ်အခြာအာဏာနှင့် ပိုင်နက်နယ်မြေပိုင်ဆိုင်မှုကို ထိန်းသိမ်းစောင့်ရှောက်မည်ဖြစ်ကြောင်း ရှာဗတ် ရှာရစ်က ပြောသည်။ အာဖဂန်နစ္စတန်နိုင်ငံ၏ ငြိမ်းချမ်းရေးနှင့်တည်ငြိမ်ရေးသည် ဒေသတွင်းဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးကြီးကြောင်း ၎င်းက ပြောသည်။ အာဖဂန်နစ္စတန်နိုင်ငံအတွင်း လုံခြုံမှုရှိစေရေးဆောင်ရွက်ရန် အာဖဂန်နစ္စတန်အစိုးရအား တိုက်တွန်းခဲ့ပြီး ပါကစ္စတန်ကလည်း ၎င်းကိစ္စကို ကူညီဆောင်ရွက်မည်ဟု ဝန်ကြီးချုပ်က ပြောကြားခဲ့သည်။ ပါကစ္စတန်နိုင်ငံအတွင်း အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများအား ငွေကြေးထောက်ပံ့မည်ဖြစ်ကာ နိုင်ငံတကာငွေကြေးအဖွဲ့အစည်းများနှင့် ဆက်သွယ်၍ ဘဏ္ဍာရေးစနစ်များဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်မည်ဖြစ်ပြီး ရာသီဥတုဆိုင်ရာသဘာဝဘေးကာကွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးတို့ကို ဆောင်ရွက်မည်ဟု သိရသည်။ နိုင်ငံသားများအနေဖြင့် ငြိမ်းချမ်းရေး၊ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ပါဝင်ဆောင်ရွက်ကြရန် ၎င်းက တိုက်တွန်းပြောကြားခဲ့သည်။

ကိုးကား - ဆင်ဟွာ

ဘာသာပြန် - စိုးသူရ

# မူးယစ်ဆေးဝါးရောင်းဝယ်ဖောက်ကားမှုကို တိုက်ဖျက်ရန် အမေရိကန်လေယာဉ်တင်သင်္ဘော ကာရေဘီယံဒေသသို့ ရောက်ရှိ



**ကာရာကတ် နိုဝင်ဘာ ၁၂**

ကာရေဘီယံဒေသ၌ မူးယစ်ဆေးဝါးရောင်းဝယ်ဖောက်ကားမှုကို တိုက်ဖျက်ရန် အမေရိကန်လေယာဉ်တင် သင်္ဘောသည် ကာရေဘီယံဒေသသို့ ယမန်နေ့တွင် ရောက်ရှိလျက်ရှိသည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က မူးယစ်ဆေးဝါးရောင်းဝယ် ဖောက်ကားသည့် သင်္ဘောများကို စက်တင်ဘာလကတည်းက တိုက်ခိုက်ချေမှုန်းရန် အမိန့်ပေးခဲ့သည်။ ကာရေဘီယံဒေသရှိ ဗင်နီဇွဲလားကဲ့သို့သော နိုင်ငံများမှ မူးယစ်ဆေးအမြောက်အမြား အမေရိကန်သို့ မှောင်ခိုတင်သွင်းလျက် ရှိကြောင်း ဒေါ်နယ်ထရမ့်က အခိုင်အမာ ပြောကြားခဲ့သည်။ မူးယစ်ဆေးဝါး တိုက်ဖျက်ရေးဆိုင်ရာ မြေပြင်စစ်ဆင်ရေးများကိုလည်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဒေါ်နယ်ထရမ့်က သတိပေးပြောကြားသည်။

ကမ္ဘာ့အကြီးဆုံး လေယာဉ်တင်သင်္ဘော USS Gerald R. Ford ဦးဆောင်သော တိုက်ခိုက်မှုအုပ်စုသည် လက်တင်အမေရိကနှင့် ကာရစ်ဘီယံတို့ ပါဝင်သော အမေရိကန် တောင်ပိုင်း စစ်ဌာနချုပ်သို့ ဝင်ရောက်ခဲ့ကြောင်း အမေရိကန်ရေတပ်က ယမန်နေ့တွင် ကြေညာခဲ့သည်။

သင်္ဘောတိုက်ခိုက်ရေးအဖွဲ့တွင် တိုမာဟော့ခ်ဒုံးကျည်များ တပ်ဆင်ထားသော ဖျက်သင်္ဘော အများအပြားပါဝင်ကြောင်း အမေရိကန်မီဒီယာများက ဖော်ပြသည်။

မူးယစ်ဆေးဝါးမှောင်ခိုသယ်ယူသည့် လှေငယ်များကို တိုက်ခိုက်ရန်အတွက် အမေရိကန်၏ တပ်ဖြန့်ထားရှိမှုသည် လိုအပ်သည်ထက် အင်အားပိုမိုများပြားလျက်ရှိကြောင်း အမေရိကန်မီဒီယာများက ဆိုသည်။

ဗင်နီဇွဲလားနိုင်ငံက ယမန်နေ့တွင် စစ်ရေးလေ့ကျင့်မှု စတင်ပြုလုပ်ခဲ့သည်။

ကာကွယ်ရေးဝန်ကြီး ဗလာဒီမာပါဒရီနိုနှင့် တာဝန်ရှိသူများက နိုင်ငံအတွင်းတပ်ဆင်ထားသော ဒုံးကျည်များကို စစ်ဆေးကြည့်ရှုနေသည့် ဗီဒီယိုဖိုင်ကို ဗင်နီဇွဲလားနိုင်ငံပိုင် ရုပ်သံက ပြသခဲ့ကြောင်း သိရသည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**

**ဘာသာပြန် - အောင်ကျော်ကျော်**



## တရုတ်နိုင်ငံထုတ် စီ-၉၁၉ ခရီးသည်တင် ဂျက်လေယာဉ်ကို ဒူဘိုင်းလေကြောင်းပြပွဲတွင် ပွဲဦးထွက်ပြသမည်

**ပေကျင်း နိုဝင်ဘာ ၁၂**

တရုတ်နိုင်ငံမှ ပြည်တွင်း၌တီထွင်ထုတ်လုပ်ထားသော စီ-၉၁၉ ခရီးသည်တင်ဂျက်လေယာဉ်သည် လေယာဉ်ထုတ်လုပ်သူက ပြည်ပဝယ်လက်များကို ဆက်လက်ရှာဖွေနေချိန်တွင် နိုဝင်ဘာ ၁၇ ရက်မှ ၂၁ ရက်အထိ ကျင်းပမည့် ဒူဘိုင်းလေကြောင်းပြပွဲ၌ အရှေ့အလယ်ပိုင်းတွင် ပွဲဦးထွက်ပြသရန် အသင့်ဖြစ်နေကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ရှန်ဟိုင်းအခြေစိုက် လေယာဉ်ထုတ်လုပ်သူ တရုတ်စီးပွားဖြစ်လေယာဉ်ကော်ပိုရေးရှင်းမှ တာဝန်ရှိသူ၏ ပြောကြားချက်အရ ယင်းပွဲတော်အတွင်း စီ-၉၁၉ လေယာဉ်နှစ်စီးနှင့် စီ-၉၀၉ စီးပွားရေးလုပ်ငန်းသုံး ဂျက်လေယာဉ်တစ်စီးကို ပြသသွားမည်ဖြစ်သည်။

ယခုနှစ် လေကြောင်းပြပွဲတွင် ပြသသူပေါင်း ၁၅၀၀ ကျော်နှင့် ပူးပေါင်းမည်ဖြစ်ပြီး ယင်းပွဲသို့ တက်ရောက်သူပေါင်း ၁၄၈၀၀၀ ကျော် ဆွဲဆောင်နိုင်မည်ဟု ခန့်မှန်းရသည်။

ယမန်နေ့က စီ-၉၁၉ ဂျက်လေယာဉ်တစ်စီး ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့၌ ရပ်နားပြီးနောက် ဒူဘိုင်းမြို့ အယ်လ်မက်တူမ် နိုင်ငံတကာလေဆိပ်သို့ ဆင်းသက်ရောက်ရှိခဲ့သည်။

"ပြည်ပဈေးကွက်ကို တိုးချဲ့ခြင်းဟာ စီ-၉၁၉ အတွက် နောက်ထပ် အရေးကြီးတဲ့ မှတ်တိုင်တစ်ခုဖြစ်ပါတယ်။ ပြည်တွင်းနဲ့ပြည်ပ အခြေအနေနှစ်ခုလုံးကို ကြည့်ခြင်းအားဖြင့် လေယာဉ်၏ ပထမဆုံး နိုင်ငံတကာ စီးပွားဖြစ်ပျံသန်းမှုဟာ ရပ်ဝန်းနှင့် လမ်းကြောင်း ပဏာမခြေလှမ်းစီမံကိန်းတွင်ပါဝင်သည့် မိတ်ဖက်နိုင်ငံများနှင့် ဒေသများ၌ ဖြစ်နိုင်ဖွယ်ရှိပါတယ်ဟု လွတ်လပ်သော အရပ်ဘက်လေကြောင်းလုပ်ငန်း လေ့လာသုံးသပ်သူ ချီချီ က ပြောကြားသည်။

"အရှေ့တောင်အာရှနဲ့ အရှေ့အလယ်ပိုင်းက လေကြောင်းလိုင်းများအနေနဲ့ စီ-၉၁၉ ကို ဝယ်ယူဖို့ အလားအလာ အမြင့်ဆုံးရှိမယ်လို့ ယူဆရပါတယ်။ ဒါ့ကြောင့် ၂၀၂၅ ခုနှစ် ဒူဘိုင်းလေကြောင်းပြပွဲကို အလေးထားခြင်းဖြစ်ပါတယ်" ဟု ချီချီက ရှင်းလင်းပြောကြားကြောင်း သိရသည်။ **Mon**

## ကမ္ဘာ့ရာသီဥတု ပြောင်းလဲမှု နောက်ဆက်တွဲကြောင့် ပါကစ္စတန် ကမ်းရိုးတန်းဒေသရှိ ရွာများပျက်စီး

**အစ္စလာမ္မာဘတ် နိုဝင်ဘာ ၁၂**

ကမ္ဘာ့ရာသီဥတုပြောင်းလဲမှု၏ နောက်ဆက်တွဲဆိုးကျိုးကြောင့် ပိုမိုမြင့်တက်လာသော ပင်လယ်ရေမျက်နှာပြင်သည် ပါကစ္စတန်ကမ်းရိုးတန်းတစ်လျှောက် တဖြည်းဖြည်းတိုက်စားလာပြီး ကမ်းရိုးတန်းဒေသရှိရွာများ ပျက်စီးသွားသဖြင့် ဒေသခံများ ကုန်းတွင်းပိုင်းသို့ ရွှေ့ပြောင်းနေရကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ရေမျက်နှာပြင်မြင့်တက်မှုကြောင့် လွန်ခဲ့သောခြောက်လကတည်းက မာမူဒါဘလူးကမ်းခြေရှိ မိမိ၏ကမ်းရိုးတန်းအိမ်ကို အဆောတလျင်စွန့်ခွာခဲ့ရကြောင်း ငါးဖမ်းသမား အမျိုးသမီးဖြစ်သူ အာမီနက်သ်ဘီဘီက ထုတ်ဖော်ပြောကြားသည်။

ပါကစ္စတန်တောင်ပိုင်း အင်ဒပ်စ်မြစ်ဝကျွန်းပေါ်ဒေသအနီး ကီတီဘန်ဒါဆိပ်ကမ်းမြို့အနီးရှိ ၎င်း၏ရွာသည် တစ်ချိန်က လူစည်ကားသော ငါးဖမ်းလုပ်ငန်းအခြေချနေထိုင်ရာဒေသဖြစ်သည်။

ယခုအခါတွင်မူ ပင်လယ်ရေတိုးဝင်လာမှုကြားတွင် စွန့်ပစ်ထားသည့် တဲအိမ်များ၏ ပြိုကျနေသော အပျက်အစီးများသာရှိတော့ကြောင်း သိရသည်။

**Mon**



# INTERNATIONAL NEWS

# နိုင်ငံတကာသတင်းများ



## ထိုင်ဝမ်ကျွန်းသို့ တိုင်ဖုန်းမုန်တိုင်းဝင်ရောက်လာသဖြင့် လူပေါင်း ၈၃၀၀ ကျော် ဘေးလွတ်ရာသို့ ရွှေ့ပြောင်းရ

**ပေကျင်း နိုဝင်ဘာ ၁၂**

အားအလွန်နည်းသွားသည့် ဖန်ဝေါင်တိုင်ဖုန်းမုန်တိုင်းသည် နိုဝင်ဘာ ၁၂ ရက်တွင် တရုတ်နိုင်ငံ ထိုင်ဝမ်ကျွန်းဘက်သို့ ရောက်ရှိမလာမီ လူပေါင်း ၈၃၀၀ ကျော်ကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းခဲ့ရပြီး မုန်တိုင်းကြောင့် တောင်တန်းများရှိ အရှေ့ဘက်ကမ်းရိုးတန်းတွင် မိုးသည်းထန်စွာရွာသွန်းကာ အချို့နေရာများ၌ လူလည်ပင်းအထိမြင့်သည့် ရေကြီးမှုများ ဖြစ်ပွားခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ကျွန်း၏ တောင်ပိုင်းဒေသအများစုတွင် စီးပွားရေးလုပ်ငန်းများနှင့် ကျောင်းများပိတ်ထားခဲ့ရပြီး လူ ၅၁ ဦး ဒဏ်ရာရရှိခဲ့သည်။

ရုပ်မြင်သံကြားမြင်ကွင်းများအရ ကျေးလက်ဒေသများသော အရှေ့ပိုင်းယီလန်ခရိုင်၏ အချို့နေရာများတွင် ရေကြီးမှုများ ပြင်းထန်ခဲ့ပြီး သောင်တင်နေသူများကို ကယ်ဆယ်ရန် ကယ်ဆယ်ရေးအဖွဲ့ဝင်များက ကြိုးပမ်းနေချိန်တွင် ရေများလည်ပင်းအထိ မြင့်တက်လာခဲ့သည်။

"ရေတွေ အရမ်းမြန်မြန် ဝင်လာတာပါ" ဟု ရေချိုငါးဖမ်းသမား ဟောင်ချွန်ယီက ပြောကြားခဲ့ပြီး ၎င်း၏ အိမ်အောက်ထပ်တွင် ရေ ၆၀ စင်တီမီတာအထိ မြင့်တက်ပြီးနောက် အရှေ့ဘက် ဆူအာအိုဆိပ်ကမ်းမြို့ရှိ ၎င်း၏နေအိမ်မှ ရွှံ့များကို တစ်ညလုံးဖယ်ရှားခဲ့ရကြောင်း သိရသည်။

**Mon**

## မြို့သစ်မြို့နယ်တွင် မီးဘေးလုံခြုံရေးဇာတ်တိုက်လေ့ကျင့်



**မြို့သစ် နိုဝင်ဘာ ၁၂**

မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ်တွင် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် ဇာတ်တိုက်လေ့ကျင့်ခြင်းနှင့် အသိပညာပေးဟောပြောခြင်းကို ယနေ့နံနက်ပိုင်းက မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနရုံး၌ ကျင်းပဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးဝေလင်းကျော်နှင့် သန္တေမီးသတ်တပ်ဖွဲ့ဝင်များက မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ရုံးဝန်ထမ်းများနှင့် မိသားစုဝင်များအား မီးဘေးလုံခြုံရေးအသိပညာပေးဟောပြောပြီး မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ဇာတ်တိုက်လေ့ကျင့်သရုပ်ပြခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

**ဝင်းအိစွန်(ပြန်/ဆက်)**



**သရက်ခရိုင် မီးသတ်ဦးစီးမှူး ဦးမောင်မောင်ထွေးသည် မြို့နယ်မီးသတ်ဦးစီးမှူး ဦးဝေဖြိုးအောင်နှင့် တပ်ဖွဲ့ဝင်များနှင့်အတူ ယနေ့နံနက်ပိုင်းက သရက်မြို့ ကမ္ဘောဇဘဏ်တွင် မီးဘေးလုံခြုံရေးစစ်ဆေးပြီး ဘဏ်ဝန်ထမ်းများအား မီးဘေးကြိုတင်ကာကွယ်ရေးပစ္စည်းများ အသုံးပြုတတ်စေရေးအတွက် လက်တွေ့သရုပ်ပြ မီးငြိမ်းသတ်ခြင်းများ ဆောင်ရွက်ကြစဉ်။ (ကဆ)**

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## ပုံဝိုင်းလောင်းကစားပြုလုပ်သူ အမျိုးသားနှစ်ဦးနှင့် အမျိုးသမီး ခုနစ်ဦးတို့အား ဖမ်းဆီးအရေးယူ

**နေပြည်တော် နိုဝင်ဘာ ၁၂**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၌ ပုံဝိုင်းလောင်းကစားပြုလုပ်သူ အမျိုးသားနှစ်ဦးနှင့် အမျိုးသမီး ခုနစ်ဦးတို့အား ဖမ်းဆီးအရေးယူထားသည်။

ဖြစ်စဉ်မှာ နိုဝင်ဘာ ၁၀ ရက် မွန်းလွဲ ၁၂ နာရီ ၃၅ မိနစ်တွင် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ နယ်မြေ(၄)၊ ဘောဂဝတီရပ်ကွက်တွင် မင်းသား၊ မင်းသမီးရုပ်ပုံများဖြင့် လောင်းကစားပြုလုပ်နေကြောင်း သတင်းအရ နေပြည်တော်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များက သွားရောက် စစ်ဆေးခဲ့ရာ ဘောဂဝတီရပ်ကွက်နေသူများဖြစ်သည့် ခင်စန်းဝင်း(၅၁)နှစ်၊ဥမ္မာ(၅၀)နှစ်နှင့် ရွာကောက်ရပ်ကွက်နေသူများဖြစ်သည့် သိန်းတန်(၅၈)နှစ်၊ ခိုင်နှင်းဝေ (၂၅)နှစ်တို့ လေးဦးအား ပုံဝိုင်းလောင်းကစားပြုလုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ လောင်းကြေးငွေများနှင့်အတူ တွေ့ရှိဖမ်းဆီးရမိခဲ့သဖြင့် ရွာကောက်နယ်မြေရဲစခန်းမှ လောင်းကစားဥပဒေဖြင့်လည်းကောင်း၊ အလားတူ မွန်းလွဲ ၁၂ နာရီ ၄၅ မိနစ်တွင် ပျဉ်းမနားမြို့နယ်၊ နယ်မြေ(၄)၊ဘောဂဝတီရပ်ကွက်တွင် မင်းသား၊ မင်းသမီး



ရုပ်ပုံများဖြင့် လောင်းကစားပြုလုပ်နေကြောင်း သတင်းအရ နေပြည်တော်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ မြောက်လွတ်ကုန်းကျေးရွာနေသူများဖြစ်သည့် နေမျိုးထိုက်(ခ)စနေ(၃၅)နှစ်၊ဇာဇာဝင်းပြည့်(၃၃)နှစ်၊ သဲကျွန်းကျေးရွာနေ အေးအေးသွယ်(၃၇)နှစ်၊ရွာကောက်ရပ်ကွက်နေ နွယ်နီစန်း(၅၆)နှစ်နှင့် ဥယျာဉ်စုရပ်ကွက်နေ သန္တာဝင်း(၄၃)နှစ်တို့ ငါးဦးအား ပုံဝိုင်းလောင်းကစားပြုလုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ လောင်းကြေးငွေများနှင့်အတူ တွေ့ရှိဖမ်းဆီးရမိခဲ့သဖြင့် ရွာကောက်နယ်မြေရဲစခန်းမှ လောင်းကစားဥပဒေဖြင့် အသီးသီးအမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(ဝဲပုံ)

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

## စက်သုံးဆီများ တရားမဝင် သယ်ဆောင်လာသူ အမျိုးသား တစ်ဦးအား ဖမ်းဆီးအရေးယူ


**တာချီလိတ် နိုဝင်ဘာ ၁၂**

ရှမ်းပြည်နယ်၊ တာချီလိတ်မြို့နယ်၌ စက်သုံးဆီများ တရားမဝင် သယ်ဆောင်လာသူ အမျိုးသားတစ်ဦးအား ဖမ်းဆီးအရေးယူထားသည်။

ဖြစ်စဉ်မှာ နိုဝင်ဘာ ၁၀ ရက် မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်တွင် တာချီလိတ်မြို့နယ်၊ မဲခေါင်မြစ်ကမ်းဘေး၌ စက်သုံးဆီများ တရားမဝင် သယ်ဆောင်နေကြောင်း သတင်းအရ ဝမ်ပုံနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က သွားရောက်စစ်ဆေးခဲ့ရာ လွှမ်းကျိုင်းကျေးရွာနေ စိုင်းလူ(၅၀)နှစ် ပိုင်ဆိုင်သည့် မဲခေါင်(၁)အမည်ပါ ဆီတင်စက်လှေတစ်စီး၊ မဲခေါင်(၂) အမည်ပါ ဆီတင်စက်လှေတစ်စီးနှင့် သံခွံစက်လှေတစ်စီးတို့အား တွေ့ရှိရပြီး အဆိုပါစက်လှေများပေါ်မှ တရားမဝင်သယ်ဆောင်လာသည့် ဒီဇယ်ဆီ ၇၈၀၀၀ ဂါလန်ခန့်အား တွေ့ရှိဖမ်းဆီးရမိခဲ့သဖြင့် စိုင်းလူအား ဝမ်ပုံနယ်မြေရဲစခန်းတွင် ပို့ကုန်၊ သွင်းကုန် ဥပဒေဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(အောက်ပုံ)

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**



## လိုင်စင်မဲ့ မော်တော်ယာဉ်နှစ်စီး ဖမ်းဆီးအရေးယူ

**မကွေး နိုဝင်ဘာ ၁၂**

မကွေးတိုင်းဒေသကြီး၊ မကွေးမြို့နယ်၌ လိုင်စင်မဲ့ မော်တော်ယာဉ်နှစ်စီး ဖမ်းဆီးအရေးယူထားသည်။

ဖြစ်စဉ်မှာ နိုဝင်ဘာ ၈ ရက် ည ၉ နာရီခွဲတွင် မကွေးနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် နယ်မြေလှည့်ကင်းဆောင်ရွက်နေစဉ် အောင်မေတ္တာရပ်ကွက်၊ မြင်းကင်းလမ်းနှင့် ဘူတာလမ်းထောင့်အရောက်၌ ဆားရွှေကင်းရပ်ကွက်နေ မင်းကိုလတ်(ခ) ကိုမင်း(၃၅)နှစ် မောင်းနှင်လာသည့် COROLLA မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးခဲ့ရာ မော်တော်ယာဉ်နှင့်ပတ်သက်သည့် အထောက်အထားတစ်စုံတစ်ရာ ပြသနိုင်ခြင်းမရှိဘဲ လိုင်စင်မဲ့ မော်တော်ယာဉ်ဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် မင်းကိုလတ်(ခ)ကိုမင်းအား မကွေးနယ်မြေရဲစခန်းတွင် ပို့ကုန်၊ သွင်းကုန် ဥပဒေဖြင့်လည်းကောင်း၊ အလားတူ ည ၁၀ နာရီ ၁၅ မိနစ်တွင် မကွေးမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇရာဝတီတံတားပေါ်တွင် မော်တော်ယာဉ်စစ်ဆေးခြင်းများ ဆောင်ရွက်နေစဉ် မကွေးတိုင်းဒေသကြီး၊ မင်းဘူးမြို့နယ်၊ အမှတ်(၄)ရပ်ကွက်နေ သိန်းဇော်(၄၀)နှစ် မောင်းနှင်လာသည့် TOYOTA CROWNမော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးခဲ့ရာ အဆိုပါမော်တော်ယာဉ်နှင့်ပတ်သက်သည့် အထောက်အထားတစ်စုံတစ်ရာ ပြသနိုင်ခြင်းမရှိဘဲ လိုင်စင်မဲ့ မော်တော်ယာဉ်ဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် သိန်းဇော်အား မကွေးမြို့မရဲစခန်းတွင် ပို့ကုန်၊ သွင်းကုန် ဥပဒေဖြင့် လည်းကောင်း အသီးသီးအမှုဖွင့် အရေးယူထားကြောင်း သိရသည်။



(အောက်ဝဲပုံ)

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

## စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် နိုဝင်ဘာ ၁၂**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ နိုဝင်ဘာ ၈ ရက် ညနေ ၄ နာရီခွဲတွင် သက်သေများနှင့်အတူ လားရှိုးမြို့၊ ရပ်ကွက်(၁၁)၊ လားရှိုး - နမ္မတူသွားကားလမ်းတွင် စိုင်းနွံခေး(ခ)စိုင်းအန် မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ၄င်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၃၀၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် စိုင်းနွံခေး(ခ)စိုင်းအန် (၃၆)နှစ်အား လားရှိုးမြို့မရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အမှုဖွင့်အရေးယူထားပြီး ကွင်းဆက်များ ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။



(ဝဲပုံ)

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

# နိုင်ငံအတွက်၊ မြို့နယ်အတွက်၊ ရပ်ကွက်၊ ကျေးရွာပါမကျန် အားလုံးဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးနိုင်မယ့် သူမျိုးကို ရွေးချယ်မဲပေးသွားမှာ ဖြစ်ပါတယ်

ဦးသက်တင်ဦး (မြဝတီမြို့)

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို လာမည့် ဒီဇင်ဘာ ၂၈ ရက်တွင် စတင်ကျင်းပတော့မည်ဖြစ်သည်။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရန် ရက်ပေါင်း ၄၅ ရက်သာလိုတော့သည်။ ရွေးကောက်ပွဲအပိုင်း(၂)ကိုလည်း ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၁၁ ရက်တွင် ကျင်းပသွားမည်ဖြစ်သည်။ ထို့အတူ ရွေးကောက်ပွဲအပိုင်း(၃)ကိုလည်း ရွေးကောက်ပွဲအပိုင်း(၂) ကျင်းပပြီး နှစ်ပတ်ခြား အကြာတွင် ကျင်းပသွားမည်ဖြစ်သည်။ ထိုသို့ မကြာမီ ကျင်းပတော့မည့် ရွေးကောက်ပွဲနှင့်အတူ ပြည်သူများအနေဖြင့် ဖြစ်လိုသည့် ဆန္ဒကို ထပ်တူ သို့မဟုတ် အနီးစပ်ဆုံးဖြည့်ဆည်းပေးနိုင်မည့်၊ နိုင်ငံတော်၏ အကျိုးစီးပွား၊ ပြည်သူလူထု၏ အကျိုးစီးပွားကို ကိုယ်စားပြုဖော်ဆောင်ပေးနိုင်မည့်သူများကို ကိုယ်တိုင်ရွေးချယ်ခွင့်ရရှိတော့မည် ဖြစ်ပါသည်။ ထိုသို့ ပြည်သူများ၏ ဆန္ဒနှင့်အညီ ကျင်းပတော့မည့်ရွေးကောက်ပွဲအပေါ် မြဝတီဒေသခံပြည်သူများ၏ မျှော်လင့်ချက်စကားသံများကို မေးမြန်းဖော်ပြအပ်ပါသည်။


ဦးဇော်ဝင်းလှိုင်


ဦးရဲညွန့်


ဦးသက်တင်ဦး


ဦးရဲသွေး


ဒေါ်နန်းသူဇာ

**ဦးဇော်ဝင်းလှိုင် (မြဝတီမြို့)**

မကြာခင်မှာ ကျင်းပတော့မယ့် အထွေထွေရွေးကောက်ပွဲကြီးမှာ မဲပေးနိုင်ဖို့အတွက် ရပ်/ကျေးကော်မရှင်ရုံးမှာ မဲစာရင်း ပါ၊ မပါ သွားကြည့်ခဲ့ပြီးပါပြီ။ မြဝတီမြို့ အမှတ်(၁)ရပ်ကွက် မဲဆန္ဒနယ် (၁)မှာ မဲပေးရတော့မှာဖြစ်တဲ့ အတွက် ဝမ်းသာပါတယ်။ ဘာကြောင့်လို့လဲဆိုတော့ မဲပေးပြီးသွားရင် တက်လာမယ့်အစိုးရရဲ့ ဦးဆောင်မှုနဲ့ ကျွန်တော်တို့ နိုင်ငံ အေးအေးချမ်းချမ်း ဖြစ်သွားမယ်၊ စီးပွားရေးတွေလည်း ဖြောင့်ဖြောင့်ဖြူးဖြူးနဲ့ လုပ်ကိုင်နိုင်ကြမယ်။ အခြေခံလူတန်းစားတွေအနေနဲ့ အဆင်ပြေနိုင်မယ့် အနေအထားတွေ တွေ့ရပါတယ်။

ရွေးကောက်ပွဲကြီး အောင်မြင်စွာ ကျင်းပပြီးစီးသွားတဲ့အချိန်မှာ ကျွန်တော် မြင်မိတာကတော့ လမ်းပန်း ဆက်သွယ်ရေးတွေ ပိုကောင်းမွန်လာမယ်၊ စီးပွားရေးလုပ်ငန်းတွေလည်း ကောင်းကောင်းမွန်မွန်နဲ့ လုပ်ဆောင်နိုင်မှာဖြစ်တဲ့အပြင် အခြေခံလူတန်းစားတွေအတွက် ကုန်ဈေးနှုန်းတွေ ကျဆင်းလာနိုင်တယ်။ ဒါတွေက ဝမ်းသာရမှာ ဖြစ်ပါတယ်။

အခုကျင်းပမယ့် ရွေးကောက်ပွဲမှာ မြန်မာအီလက်ထရောနစ် မဲပေးစက်(MEVM)စက်နဲ့ မဲပေးရမှာဖြစ်တဲ့အတွက် တိကျမှန်ကန်မှု အများကြီးရှိမယ်လို့ ယုံကြည်ပါတယ်။ မဲသွားရောက်ပေးနိုင်ဖို့အတွက် နိုင်ငံသားစိစစ်ရေးကတ်နဲ့ ကိုယ်ရေးရာဇဝင် အချက်အလက်တွေကို စုဆောင်းထားပါတယ်။ ပြည်သူတွေအနေနဲ့ မဲပေးကြရမယ်။ ရွေးကောက်ပွဲကြီး အောင်မြင်သွားလို့ရှိရင် ဆင်းရဲသား လူတန်းစားတွေ တိုးတက်လာမယ်၊ စီးပွားရေးလုပ်ငန်းတွေ အဆင်ပြေလာမယ်၊ ကုန်ဈေးနှုန်း ကျဆင်းလာမယ်လို့ ပြောချင်ပါတယ်။ မဲပေးတဲ့အခါမှာလည်း ကိုယ်ပေးချင်တဲ့ပါတီကို တိတိကျကျလေး ရွေးချယ်ပြီး မဲပေးဖို့ တိုက်တွန်းချင်ပါတယ်။

**ဦးရဲညွန့်(မြဝတီမြို့)**

လာမယ့် ဒီဇင်ဘာ ၂၈ ရက်နေ့မှာ ဆန္ဒမဲပေးကြမယ်။ ကျွန်တော်တို့လို ငွေကြေးအားနည်းတဲ့ ဆင်းရဲသား တွေကတော့ ရွေးကောက်ပွဲအတွက် မဲတွေထည့်ချင်တယ်။ ဘာဖြစ်လို့လဲဆိုတော့ လမ်းပန်းဆက်သွယ်ရေးကအစ၊ ရပ်ရွာကအစ အေးချမ်းလာမယ်လို့ မျှော်လင့်တယ်၊ ယူဆတယ်။ အခုလာမယ့် ရွေးကောက်ပွဲမှာ မြဝတီမြို့ မဲဆန္ဒနယ် အမှတ်(၁)မှာ သွားရောက်ပြီးတော့ မဲပေးရမှာဖြစ်ပါတယ်။ ရွေးကောက်ပွဲကြီး အောင်မြင်စွာ ကျင်းပပြီးစီးတဲ့နောက်ပိုင်းမှာ ရပ်ရွာအေးချမ်းမယ်၊ လမ်းပန်းဆက်သွယ်ရေးတွေဖြောင့်ဖြူးလာမယ်၊ သွားလာနေထိုင်မှုနဲ့ လုပ်ကိုင်စားသောက်မှုတွေအတွက် ကောင်းတဲ့ပြောင်းလဲမှုတွေဖြစ်လာမယ်လို့ ထင်မြင်မိပါတယ်။ ဒါကြောင့် ရွေးကောက်ပွဲမှာ ဒေသခံပြည်သူတွေ လာရောက်ပြီးတော့ မဲလာထည့်ဖို့အတွက် နှိုးဆော်ပေးမယ်၊ ဝိုင်းဝန်းကူညီဆောင်ရွက်သွားမယ်။

အခုလို ရွေးကောက်ပွဲကို ကျင်းပပေးတဲ့အတွက် ဝမ်းသာပါတယ်။ အရင်ရွေးကောက်ပွဲတွေမှာတော့ ကိုယ်ပေးချင်တဲ့ ပါတီကို အမှန်ခြစ်ပြီး ရွေးချယ်ရတာဖြစ်ပါတယ်။ အခုကတော့ စက်ကိရိယာနဲ့ မဲပေးရမှာ ဖြစ်တဲ့အတွက် ကိုယ်ရဲ့အမည် ပါတယ်ဆိုရင် အမည်နံပါတ်နဲ့ မှတ်ပုံတင်ပြလိုက်ရင် တာဝန်ကျတဲ့အဖွဲ့တွေက စိစစ်ပြီး မဲရုံထဲကို ဝင်မယ်၊ စက်မီးဖွင့်တဲ့အခါမှာ ကြိုက်နှစ်သက်ရာကိုရွေးချယ်ပြီး ခလုတ်နှိပ် မဲထည့်ရမှာဖြစ်တယ်လို့ သိထားပါတယ်။

ဘယ်ပါတီကိုတော့ ပေးပါလို့တော့မပြောလိုပါဘူး။ ကိုယ်ကြိုက်နှစ်သက်ရာ ကိုယ့်မှာ လုပ်ပိုင်ခွင့်ရှိပါတယ်။ ကိုယ်ကြိုက်နှစ်သက်ရာ ပေးပိုင်ခွင့်ရှိပါတယ်။ သူ့ဘာသာသူ လိုလားတဲ့သူကို ထည့်ကြရမှာပါ။ မကြာခင်မှာ ကျင်းပတော့မယ့် အထွေထွေရွေးကောက်ပွဲကြီး အတွက် ကြိုးစားပေးတဲ့ နိုင်ငံတော်အကြီးအကဲတွေကိုလည်း ကျေးဇူးအများကြီးတင်ပါတယ်။ ကျွန်တော်တို့ နိုင်ငံတော်ကြီးက ဒီထက်မက တိုးတက်မယ်လို့လည်း ယူဆပါတယ်။

**ဦးသက်တင်ဦး(မြဝတီမြို့)**

အခုလာမယ့် ရွေးကောက်ပွဲမှာ မဲပေးတဲ့အခါမှာ မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) စက်နဲ့ မဲပေးရွေးချယ်ရမှာ ဖြစ်တဲ့အတွက် ပိုပြီးတော့ အဆင်ပြေပါတယ်။ ကျွန်တော်တို့ မဲပေးရွေးချယ်မယ့် လူမျိုးကတော့ နိုင်ငံအတွက်၊ မြို့နယ်အတွက်၊ ရပ်ကွက်၊ ကျေးရွာပါမကျန် အားလုံး ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးနိုင်မယ့်သူမျိုးကို ရွေးချယ်မဲပေးသွားမှာ ဖြစ်ပါတယ်။ ဆန္ဒမဲလာရောက်ပေးဖို့အတွက် ပြည်သူလူထု တစ်ရပ်လုံး၊ ညီအစ်ကို မောင်နှမ အပါအဝင် သူငယ်ချင်း အပေါင်းအသင်းတွေ ပါမကျန် မဲပေးဖို့ တိုက်တွန်းထားပါတယ်။

နိုင်ငံတော်က ကျင်းပပေးမယ့် အထွေထွေ ရွေးကောက်ပွဲ အောင်မြင်သွားမယ် ဆိုရင် တိုင်းပြည်လည်း တိုးတက်လာမယ်၊ လူနေမှုအဆင့်အတန်းတွေလည်း မြင့်မားလာမယ်လို့ ယုံကြည်ပါတယ်။ ဒါကြောင့် ပြည်သူတွေက သေချာဆန်းစစ်ပြီး ရည်မှန်းရွေးချယ်ပြီးတော့ မဲပေးရမှာဖြစ်ပါတယ်။ မဲတစ်ပြားကလည်း ကျွန်တော်တို့အတွက် အများကြီး တန်ဖိုးရှိပါတယ်။

**ဦးရဲသွေး(မြဝတီမြို့)**

မကြာခင် ကျင်းပတော့မယ့် ရွေးကောက်ပွဲမှာ ကျွန်တော် မဲပေးရွေးချယ်မယ့် လူမျိုးကတော့ နိုင်ငံအတွက် အားကိုးအားထား ထိုက်တဲ့သူတစ်ယောက် ဖြစ်စေချင်တယ်။ ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲမှာ အားလုံး ပူးပေါင်းဆောင်ရွက်ပေးကြပါလို့ နှိုးဆော်တိုက်တွန်းစကားဆိုချင်ပါတယ်။ အခုလိုမျိုး ရွေးကောက်ပွဲ ကျင်းပပေးတဲ့အတွက် ဝမ်းမြောက်မိတယ်။ ကိုယ်ရွေးချယ်မယ့် လူပုဂ္ဂိုလ်ကို အများကြီး အားကိုးအားထားပါတယ်။ ရွေးကောက်ပွဲကြီး အောင်မြင်စွာ ကျင်းပပြီးစီးတဲ့နောက်ပိုင်းမှာ တိုင်းပြည်အေးချမ်းစေချင်တယ်၊ အလုပ်အကိုင်တွေ အားလုံးအဆင်ပြေချောမွေ့စေချင်တယ်၊ ကိုယ်ရွေးချယ်လိုက်တဲ့ လူတွေလည်း ဖြစ်ပါစေလို့ ဆုတောင်းပါတယ်။

**ဒေါ်နန်းသူဇာ(မြဝတီမြို့)**

အခုလာမယ့် ရွေးကောက်ပွဲကနေ ကျွန်မတို့ သဘောကျတဲ့ အစိုးရတစ်ရပ် တက်လာဖို့အတွက် အလွန်မျှော်လင့်ပါတယ်။ ကျွန်မတို့ နှစ်သက်တဲ့ပါတီကို မဲပေးခွင့်ရမှာ ဖြစ်တဲ့အတွက် ပျော်ပါတယ်။ ကိုယ့်နိုင်ငံတော်ကောင်းဖို့အတွက် ရပ်တည်ပေးမယ့် နိုင်ငံ့ခေါင်းဆောင်ကောင်းတစ်ယောက် ဖြစ်လာဖို့ကိုလည်း မျှော်လင့်ပါတယ်။ ကျွန်မတို့ မြန်မာနိုင်ငံအတွက် အခွင့်အလမ်းတွေလည်း အများကြီးရရှိလာမှာ ဖြစ်ပါတယ်။ ကျွန်မတို့ မျှော်လင့်တဲ့အရာတွေ၊ လုပ်ငန်းခွင်တွေ အဆင်ပြေဖို့အတွက် ပြည်သူလူထုတွေရဲ့ အခက်အခဲတွေထဲကနေ လွတ်မြောက်ဖို့အတွက် အများကြီးမျှော်လင့်တယ်။ ကျွန်မတို့ မြန်မာနိုင်ငံတော် အစိုးရကြီးတစ်ရပ်၊ ပြည်သူလူထုအတွက် အကောင်းဆုံး ဖြစ်လာမယ့် နိုင်ငံတော် အစိုးရသစ်တစ်ရပ်ကိုတော့ လိုချင်ပါတယ်။ ဒါအမှန်ဆုံးပဲ ပြောတာပါ။

အောင်ကျိုင်း

ဓာတ်ပုံ-မင်းမင်း

# အမျိုးသားအောင်ပွဲနေ့အကြို အသိပညာပေးဟောပြောပွဲ ကျင်းပ

**မန္တလေး နိုဝင်ဘာ ၁၂**

မန္တလေး၊ မဟာအောင်မြေမြို့နယ်တွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ (၁၀၅) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အကြို အသိပညာပေးဟောပြောပွဲကို ယနေ့နံနက်ပိုင်းက အမှတ်(၁၅)အခြေခံပညာမူလတန်းကျောင်း၌ ကျင်းပခဲ့သည်။

ဦးစွာ မဟာအောင်မြေမြို့နယ်၊ အမှတ်(၁၅)အခြေခံပညာမူလတန်းကျောင်း ကျောင်းအုပ်ဆရာကြီး ဦးကျော်စိုးမင်းက အဖွင့်အမှာစကားပြောကြားခဲ့ပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမြင့်သိန်းစိုးက နေ့ထူးနေ့မြတ်ဖြစ်သော အမျိုးသားအောင်ပွဲနေ့ကို ကျောင်းသား၊ ကျောင်းသူများ သိရှိနိုင်စေရန်နှင့် တန်ဖိုးထားတတ်စေရန်၊ အမျိုးသားအောင်ပွဲနေ့ ဖြစ်ပေါ်လာပုံ၊ အမျိုးသားပညာရေး အကြောင်းစသည်များကို အကျယ်တဝင့် ဟောပြောခဲ့သည်။

ဆက်လက်၍ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်မြင့်မြင့်သွယ်က အတုယူရမည့် အမျိုးသားရေး စိတ်ဓာတ်များကို ကျယ်ကျယ်ပြန့်ပြန့် အသိပညာပေး ဟောပြောခဲ့သည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက (၁၀၅) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ်ထုတ်ဝေသည့် လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ပြီး ကျောင်းသား၊ ကျောင်းသူများက ခင်းကျင်းပြသထားသော စာအုပ်၊ စာစောင်များနှင့် အသိပညာပေး နံရံကပ်စာစောင်များကို စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။

(ယာပုံ)

(၀၅၆)

၀-၀-၀-၀-၀



| နိုင်ငံတကာ ဘောလုံးခြေစမ်းပွဲစဉ်များ (NGB) | | |
|---|---|---|
| ရုရှား | ၁ - ၁ | ပီရူး |

# နိုင်ငံတကာ အားကစား သတင်းများ

## 2025 LP Open by IND တင်းနစ်ပြိုင်ပွဲ နိုဝင်ဘာ ၁၇ ရက်တွင် စတင်မည်

**လန်ဒန် နိုဝင်ဘာ ၁၂**

ချီလီနိုင်ငံတွင် ကျင်းပမည်ဖြစ်သော အမျိုးသမီး တင်းနစ်ပြိုင်ပွဲဖြစ်သည့် 2025 LP Open by IND တင်းနစ်ပြိုင်ပွဲကိုလာမည့် နိုဝင်ဘာ ၁၇ ရက်တွင် စတင်သွားမည် ဖြစ်သည်။

အဆိုပါ 2025 LP Open by IND တင်းနစ်ပြိုင်ပွဲကို နိုဝင်ဘာ ၁၇ရက်မှ ၂၄ရက်အထိ ၈ ရက်ကြာ ကျင်းပသွားမည်ဖြစ်သည်။

2025 LP Open by IND တင်းနစ်ပြိုင်ပွဲသို့ နာမည်ကျော်တင်းနစ်မယ်များစွာ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး LP Open by IND တင်းနစ်ပြိုင်ပွဲ၏ လက်ရှိချန်ပီယံမှာ ဆားဘီးယားတင်းနစ်မယ် Nina Stojanovic ဖြစ်သည်။ **(အပေါ်ပုံ) (NGB)**



## ဖိုဒန် မန်စီးတီးအသင်းနှင့်အတူ ၂၀၃၀ ခုနှစ်အထိ စာချုပ်သက်တမ်းတိုးမည်

**လန်ဒန် နိုဝင်ဘာ ၁၂**

မန်စီးတီးအသင်းသည် အသင်း ကွင်းလယ်ကစားသမား ဖိုဒန်အား ၂၀၃၀ ခုနှစ်အထိ သက်တမ်းတိုးစာချုပ် ချုပ်ဆိုသွားမည် ဖြစ်သည်။

အသက်(၂၅)နှစ်အရွယ်ရှိ ဖိုဒန်သည် မန်စီးတီးအသင်းနှင့်အတူ ၂၀၁၇-၂၀၁၈ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၃၃၃ ပွဲကစားပြီး ၁၀၄ ဂိုးအထိ သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် သက်တမ်းတိုးစာချုပ် ချုပ်ဆိုရန် စီစဉ်လာခြင်းဖြစ်သည်။

မန်စီးတီးအသင်းထုတ်ပြန်ချက်တွင် "ဖိုဒန်အား ၂၀၃၀ခုနှစ်အထိ သက်တမ်းတိုးစာချုပ် ချုပ်ဆိုရန် စီစဉ်နေပါပြီ။ သူဟာ အသင်းအတွက် ကစားသမားကောင်းတစ်ယောက်ပါ။ စာချုပ်ကိစ္စလည်း မကြာမီရက်ပိုင်းအတွင်း အပြီးသတ်နိုင်တော့မှာပါ"ဟု ထုတ်ပြန်သည်။

**(အောက်ပုံ) (NGB)**



## လာဗီယာ ကြွက်သားဒဏ်ရာကြောင့် တစ်လခန့် အနားယူရမည်

**လန်ဒန် နိုဝင်ဘာ ၁၂**

ချဲလ်ဆီးအသင်း ကွင်းလယ်ကစားသမား လာဗီယာသည် ကြွက်သားဒဏ်ရာကြောင့် တစ်လခန့် အနားယူရမည်ဖြစ်သည်။

အဆိုပါ ကွင်းလယ်ကစားသမားသည် ချန်ပီယံလိဂ်ပွဲစဉ်အဖြစ် ချဲလ်ဆီးအသင်းနှင့် ကွာရာဘတ်အသင်းတို့ တစ်ဖက်နှစ်ဂိုးစီ သရေကျခဲ့သည့် ပွဲစဉ်တွင် ဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။

ကွင်းလယ်ကစားသမား လာဗီယာ ဒဏ်ရာပြဿနာနှင့် ရင်ဆိုင်ခဲ့ရခြင်းကြောင့် ချဲလ်ဆီးအသင်း ကြီးမားသည့် ထိုးနှက်ချက်တစ်ရပ် ဖြစ်လာခဲ့သည်။

အသက်(၂၁)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမား လာဗီယာသည် ချဲလ်ဆီးအသင်းနှင့် အတူ ၂၀၂၃-၂၀၂၄ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ပွဲ ၃၀ ထိ ကစားကာ ခြေစွမ်းပြထားသည်။**(အောက်ပုံ) (NGB)**



## နီကလက်စ်ဖူလ်ကရပ်ဂ်ျအား ခေါ်ယူရန် အေစီမီလန်အသင်း စိတ်ဝင်စား

**မီလန် နိုဝင်ဘာ ၁၂**

အေစီမီလန်အသင်းသည် ဝက်စ်ဟမ်းအသင်း တိုက်စစ်မှူး နီကလက်စ်ဖူလ်ကရပ်ဂ်ျအား ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။

အသက်(၃၂)နှစ်အရွယ်ရှိ တိုက်စစ်မှူးသည် ဝက်စ်ဟမ်းအသင်းနှင့်အတူ ၂၀၂၄-၂၀၂၅ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၂၄ ပွဲကစားပြီး ၃ ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အေစီမီလန်အသင်းက ခေါ်ယူရန် စိတ်ဝင်စားလာခြင်း ဖြစ်သည်။ **(ယာပုံ)**

ဝက်စ်ဟမ်းအသင်းကလည်း နီကလက်စ်ဖူလ်ကရပ်ဂ်ျအတွက် သင့်တင့်သည့် ပြောင်းရွှေ့ဈေးနှုန်းရရှိပါက မည်သည့်အသင်းကိုမဆို ရောင်းချသွားဖွယ်ရှိသည်။

ထို့ကြောင့် အေစီမီလန်အသင်းအနေဖြင့် ဆောင်းရာသီဈေးကွက်အတွင်းတွင် ဝက်စ်ဟမ်းအသင်းထံမှ နီကလက်စ်ဖူလ်ကရပ်ဂ်ျအား ခေါ်ယူနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ်စောင့်ကြည့်ရမည်ဖြစ်သည်။ **(NGB)**




## နည်းပြ ဂျူရစ်အား နည်းပြရာထူးမှ အတ္တလန်တာအသင်းထုတ်ပယ်

**တူရင် နိုဝင်ဘာ ၁၂**

စီးရီးအေကလပ် အတ္တလန်တာအသင်းသည် လက်ရှိအချိန်တွင် ရလဒ်များ ဆိုးရွားနေခြင်းကြောင့် နည်းပြဂျူရစ်အား နည်းပြရာထူးမှ ထုတ်ပယ်ခဲ့ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။


အတ္တလန်တာအသင်းသည် ယခုနှစ်ဘောလုံးရာသီ စီးရီးအေပွဲစဉ် ၁၁ ပွဲကစားအပြီးတွင် ရမှတ် ၁၃ မှတ်ဖြင့် အဆင့် ၁၃ နေရာတွင် ရပ်တည်ပြီး ရလဒ်များ အလွန်ဆိုးရွားနေခြင်းကြောင့် နည်းပြ ဂျူရစ်အား ရာထူးမှ ထုတ်ပယ်ခဲ့ခြင်းဖြစ်သည်။ **(ယာပုံ)**

နည်းပြ ဂျူရစ်သည် အတ္တလန်တာအသင်းအား ၂၀၂၅ခုနှစ် ဇွန် ၆ ရက်က ကိုင်တွယ်ပြီး ပြိုင်ပွဲ ၁၅ ပွဲတွင် ၄ ပွဲနိုင်၊ ၈ ပွဲသရေ၊ ၃ ပွဲ ရှုံး ရလဒ်ပိုင်ဆိုင်ခဲ့သည်။

အတ္တလန်တာအသင်းထုတ်ပြန်ချက်တွင် "နည်းပြ ဂျူရစ်အား နည်းပြ ရာထူးမှ ထုတ်ပယ်လိုက်ပါပြီ။ အသင်းအနေနဲ့လည်း နည်းပြသစ်တစ်ဦး အမြန်ဆုံး ရှာဖွေ ခန့်အပ်သွားမှာပါ"ဟု ထုတ်ပြန်သည်။ **(NGB)**



## နယူးကာဆယ်အသင်းတွင် နည်းပြ အက်ဒီဟောင်း ဆက်ရှိသွားမည်




**လန်ဒန် နိုဝင်ဘာ ၁၂**

နည်းပြ အက်ဒီဟောင်းသည် မိမိအနေဖြင့် အသင်းမှ ထွက်ခွာမည်ဆိုသော သတင်းများမှာ ကောလာဟလများသာဖြစ်ကြောင်း၊ အသင်းတွင်သာ ဆက်ရှိသွားမည်ဟု ပြောကြားခဲ့သည်။ **(ဝဲပုံ)**

အဆိုပါ နည်းပြကို လက်ရှိအချိန်တွင် ဆော်ဒီကလပ်အသင်းများက ခေါ်ယူရန် စိတ်ဝင်စားနေသော်လည်း ၎င်းက အသင်းတွင်သာ ဆက်ရှိသွားမည်ဖြစ်သည်။

နည်းပြ အက်ဒီဟောင်းသည် နယူးကာဆယ်အသင်းအား ၂၀၂၁ ခုနှစ် နိုဝင်ဘာ ၈ ရက်က စတင်၍ ပြိုင်ပွဲ ၁၉၀ ပွဲကိုင်တွယ်ကာ ၉၆ ပွဲနိုင်၊ ပွဲ ၄၀ သရေ၊ ၅၄ ပွဲရှုံး ရလဒ်ပိုင်ဆိုင်ထားသည်။

အသက်(၄၇)နှစ်အရွယ်ရှိ အက်ဒီဟောင်းက "ကျွန်တော် အသင်းမှာပဲ ဆက်ရှိသွားမှာပါ။ ဒီအသင်းနဲ့အတူ အောင်မြင်မှုများစွာ ရယူသွားဦးမှာပါ"ဟု ပြောသည်။ **(NGB)**

## ယာမဲလ် စပိန်လက်ရွေးစင်အသင်း လူစာရင်းမှ နုတ်ထွက်

**ဘာစီလိုနာ နိုဝင်ဘာ ၁၂**

ဘာစီလိုနာအသင်း၏ တောင်ပံကစားသမား ယာမဲလ်သည် ပေါင်ခြံဒဏ်ရာကြောင့် နိုင်ငံ့လက်ရွေးစင်အသင်းဖြစ်သည့် စပိန်လက်ရွေးစင်အသင်း လူစာရင်းမှ နုတ်ထွက်ခဲ့ပြီ ဖြစ်သည်။

အဆိုပါ တောင်ပံကစားသမားသည် စပိန်လာလီဂါပွဲစဉ်အဖြစ် ဘာစီလိုနာအသင်းက ဆဲလ်တာဗီဂိုအသင်းအား လေးဂိုး၊ နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့် ပွဲစဉ်တွင် ဒဏ်ရာရရှိခဲ့ခြင်း ဖြစ်သည်။

တောင်ပံကစားသမား ယာမဲလ်မှာ ဒဏ်ရာပြဿနာနှင့် ရင်ဆိုင်ခဲ့ရခြင်းကြောင့် ၂၀၂၆ ကမ္ဘာ့ဖလားခြေစစ်ပွဲ ကစားရန်ရှိသည့် စပိန်လက်ရွေးစင်အသင်းအတွက် ထိုးနှက်ချက်တစ်ရပ် ဖြစ်လာခဲ့သည်။ **(ဝဲပုံ)**

အသက်(၁၈)နှစ်အရွယ်ရှိ တောင်ပံကစားသမား ယာမဲလ်သည် စပိန်လက်ရွေးစင်အသင်းနှင့်အတူ ၂၀၂၃ မှ ၂၀၂၅ ခုနှစ်အတွင်း ပြိုင်ပွဲ ၂၃ ပွဲကစားကာ ၆ဂိုး သွင်းယူပြီး ခြေစွမ်းပြထားသည်။ **(NGB)**



### ကမ္ဘာ့ဖလား ၂၀၂၆ ဘောလုံးပြိုင်ပွဲ(ဥရောပဇုန်)ခြေစစ်ပွဲ - အုပ်စုအဆင့် ပွဲစဉ်များ နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | အုပ်စု | ပွဲစဉ် | ပ-ကျော့ရလဒ် |
|---|---|---|---|---|
| ၁၃-၁၁-၂၀၂၅ ကြာသပတေးနေ့ | ည ၁၁း၃၀ နာရီ | F | အာမေးနီးယား - ဟန်ဂေရီ | ဟန်ဂေရီ ၂-၀ အာမေးနီးယား |
| ။ | ။ | D | အဇာဘိုင်ဂျန် - အိုက်စလန် | အိုက်စလန် ၅-၀ အဇာဘိုင်ဂျန် |
| ။ | ။ | I | နော်ဝေ - အက်စ်တိုးနီးယား | အက်စ်တိုးနီးယား ၀-၁ နော်ဝေ |
| ၁၄-၁၁-၂၀၂၅ သောကြာနေ့ | နံနက် ၀၂း၁၅ နာရီ | K | အန်ဒိုရာ - အယ်လ်ဘေးနီးယား | အယ်လ်ဘေးနီးယား ၃-၀ အန်ဒိုရာ |
| ။ | ။ | K | အင်္ဂလန် - ဆားဘီးယား | ဆားဘီးယား ၀-၅ အင်္ဂလန် |
| ။ | ။ | D | ပြင်သစ် - ယူကရိန်း | ယူကရိန်း ၀-၂ ပြင်သစ် |
| ။ | ။ | F | အိုင်ယာလန် - ပေါ်တူဂီ | ပေါ်တူဂီ ၁-၀ အိုင်ယာလန် |
| ။ | ။ | I | မော်လ်ဒိုဗာ - အီတလီ | အီတလီ ၂-၀ မော်လ်ဒိုဗာ |

### ၂၀၂၆ ကမ္ဘာ့ဖလား ခြေစစ်ပွဲ(အာရှဇုန်)(ပဉ္စမအဆင့်)ဖိုင်နယ်ပွဲ(ပ-ကျော့) နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ် | ၂၀၂၂ ကမ္ဘာ့ဖလား ခြေစစ်ပွဲရလဒ် |
|---|---|---|---|
| ၁၃-၁၁-၂၀၂၅ ကြာသပတေးနေ့ | ည ၁၀း၃၀ နာရီ | ယူအေအီး - အီရတ် | ယူအေအီး ၂-၂ အီရတ်<br>အီရတ် ၁-၀ ယူအေအီး |

### နိုင်ငံတကာ ဘောလုံးခြေစမ်းပွဲစဉ်များ နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ် |
|---|---|---|
| ၁၃-၁၁-၂၀၂၅ ကြာသပတေးနေ့ | ညနေ ၆း၃၀ နာရီ | ဟောင်ကောင် - ကမ္ဘောဒီးယား |
| ။ | ည ၇း၀၀ နာရီ | ထိုင်း - စင်ကာပူ |
| ။ | ည ၇း၃၀ နာရီ | လစ်သူယေးနီးယား - အစ္စရေး |
| ။ | ည ၈း၃၀ နာရီ | ဘင်္ဂလားဒေ့ရှ် - အာဖဂန်နစ္စတန် |
| ။ | ည ၁၁း၃၀ နာရီ | ချက် - ဆန်မာရီနို |
| ။ | ။ | အီရန် - ကိပ်ဗာဒီ |
| ။ | ။ | မြောက်မက်ဆီဒိုးနီးယား - လတ်ဗီယား |

# ဆန်းသစ်တီထွင် ကမ္ဘာတစ်ခွင်

## လူတူ Service စက်ရုပ်တွေ သုံးလာတဲ့ ကမ္ဘာ့ပထမဆုံး ဟိုတယ်

ရှန်ဟိုင်း Hongqiao လေဆိပ်မှာရှိတဲ့ ရှန်ဂရီလာ Traders ဟိုတယ်ဟာ Hu-manoids တွေကို ဝန်ထမ်းခန့်ထားတဲ့ ပထမဆုံးဟိုတယ် ဖြစ်လာပါတယ်။

ဒီဟိုတယ်က ရှန်ဟိုင်း အခြေစိုက် ဝန်ဆောင်မှုစက်ရုပ်လုပ်ငန်း Keenon Robot-ics ထုတ် XMAN-R1 စက်ရုပ်ကို တရားဝင်သုံးစွဲလာတဲ့ဟိုတယ်ပါ။ ဟိုတယ်ဝန်ဆောင်မှုအတွက် အထွေထွေသုံးနဲ့ အထူးပြုစက်ရုပ်နှစ်မျိုးလုံးကို သုံးလာတဲ့ ကမ္ဘာ့ပထမဆုံး ဟိုတယ်လို့ ဆိုပါတယ်။

XMAN-R1 တွေက ဧည့်ကြိုဝန်ဆောင်မှုတွေအပြင် ပစ္စည်းသယ်၊ အစားအသောက်ပို့၊ အခန်းရှင်းစတဲ့ ဟိုတယ်ဝန်ထမ်းတွေရဲ့ နိစ္စဓူဝအလုပ်တွေ လုပ်နိုင်ပါတယ်။

X-MAN-R1 တွေထဲမှာမှ W-3 စက်ရုပ်က အခန်းထဲပစ္စည်းပို့ဖို့ အထူးထုတ်ထားပြီး S-100 က ခရီးဆောင်အိတ်တွေပို့တာ၊ C-40 က ဟိုတယ်သန့်ရှင်းရေးလုပ်တာနဲ့ T-10 နဲ့ T-3 တို့က စားသောက်ဆိုင် အစားအသောက်ပို့တဲ့အပိုင်း တာဝန်ယူကြတာပါ။

ဒီစက်ရုပ်တွေမှာ Keenon ကထုတ်ထားတဲ့ KOM2.0 ဆိုတဲ့ ဝန်ဆောင်မှုလုပ်ငန်းသုံးအပြင် ဘာသာစကားလုပ်ဆောင်မှု (Vi-sion-Language-Action) မော်ဒယ်ပါပါတယ်။ VLA ဉာဏ်ရည်မြင့် မော်ဒယ်အကူနဲ့ XMAN-R1 တွေက ပတ်ဝန်းကျင် မြင်ကွင်းတွေကို မြင်နိုင်ပြီး လူပြောတာတွေကို နားလည်နိုင်၊ ပြန်လည်တုံ့ပြန်နိုင်ပါတယ်။

Keenon က အခုစက်ရုပ်တွေမှာ ဟိုတယ်ဝန်ဆောင်မှုအတွက် အထူးထုတ်ထားတဲ့ Keenon ProS ဆိုတဲ့ မော်ဒယ်လ်လည်း ထည့်ပေးထားပါတယ်။ ဒီမော်ဒယ်လ်က ပရော်ဖက်ရှင်နယ် လေ့ကျင့်ရေးဆော့ဖ်ဝဲလ်တစ်ခုလိုမျိုး သတ်မှတ်ထားတဲ့ အလုပ်တာဝန်တွေကို ကျွမ်းကျွမ်းကျင်ကျင် လုပ်နိုင်အောင် ညွှန်ကြားထားတာပါ။

Keenon Robotics ဟာ စက်ရုပ်တီထွင်ရေးမှာ ၁၅ နှစ်ကြာ အတွေ့အကြုံ ရှိထားတဲ့ကုမ္ပဏီဖြစ်ပြီး နိုင်ငံနဲ့ ဒေသပေါင်း ၆၀ ကျော်မှာ စက်ရုပ်တစ်သိန်းကျော် တပ်ဆင်ထားနိုင်ပြီလို့လည်း သိရပါတယ်။

ATK



## ကမ္ဘာ့ပထမဆုံး စီးပွားဖြစ် ရေအောက် ဒေတာစင်တာကို တရုတ်မှာ တည်ဆောက်

ဖုန်းနဲ့ App တစ်ခုကို ဖွင့်လိုက်တဲ့အချိန်၊ ဒါမှမဟုတ် စားသောက်ဆိုင်တစ်ဆိုင်ကို ရှာလိုက်တဲ့အချိန်တိုင်းမှာ ကမ္ဘာကြီးရဲ့တစ်နေရာက ဒေတာစင်တာကြီးတစ်ခုဟာ အပူတက်ပြီး အလုပ် လုပ်နေရပါတယ်။ တစ်ကမ္ဘာလုံးက လူသန်းပေါင်းများစွာ ဖုန်းသုံးနေတဲ့အတွက် ဒေတာစင်တာတွေရဲ့အပူချိန်ဟာ အလွန်မြင့်မားပါတယ်။ အဲ့ဒီ ဒေတာစင်တာတွေကို အေးမြအောင်ပြုလုပ်ဖို့ ငွေကြေးများစွာ ကုန်ကျပါတယ်။ ဒါကြောင့် သဘာဝအတိုင်း အအေးပေးနိုင်အောင် အဖြေရှာကြပါတယ်။

အခုတော့ တရုတ်က ပင်လယ်ရေအောက်မှာ ဒေတာစင်တာတွေ တည်ဆောက်ပြီး သဘာဝအတိုင်း ပင်လယ်ရေနဲ့ အေးမြအောင် ပြုလုပ်လိုက်ပါတယ်။ ဒါဟာ ကမ္ဘာ့ပထမဆုံး စီးပွားဖြစ် ရေအောက်ဒေတာစင်တာ ဖြစ်လာပါတယ်။ အဲ့ဒီ ဒေတာစင်တာကြီးက ပင်လယ်ရေအောက် ၃၅ မီတာ (၁၁၅ ပေ) အနက်မှာ ရှိနေတယ်ဆိုရင် အံ့ဩသွားနိုင်ပါတယ်။

တရုတ်နိုင်ငံဟာ ကမ္ဘာ့ပထမဆုံး စီးပွားဖြစ် ရေအောက် ဒေတာစင်တာကို ဟိုင်နန်ကျွန်းရဲ့ ကမ်းလွန်ပင်လယ်ကြမ်းပြင်ပေါ်မှာ အောင်မြင်စွာ တည်ဆောက်ပြီး လည်ပတ်လိုက်ပါပြီ။ တန်ချိန် ၁၄၀၀ ကျော်လေးလံတဲ့ ဒီ ဒစ်ဂျစ်တယ်ခန်းကြီးဟာ ကျွန်တော်တို့ရဲ့ ဒစ်ဂျစ်တယ်ကမ္ဘာကို စွမ်းအားပေးနေတဲ့ ဦးနှောက်တစ်ခုလိုပါပဲ။ သူ့ရဲ့အဓိက အားသာချက်ကတော့ အပူချိန်မြင့်တက်လာတဲ့ ဆာဗာတွေကို အအေးပေးဖို့ သီးသန့်စွမ်းအင်တွေ အကြီးအကျယ် သုံးစွဲစရာမလိုဘဲ အေးစက်နေတဲ့ ပင်လယ်ရေကို သဘာဝအတိုင်း အသုံးပြုလိုက်တာပါပဲ။ ဒီနည်းလမ်းကြောင့် ကုန်းပေါ်က ဒေတာစင်တာတွေထက် စွမ်းအင်အသုံးစရိတ်ကို ၉၀ ရာခိုင်နှုန်းအထိ လျှော့ချနိုင်ခဲ့ပါတယ်။



အခုလည်ပတ်နေတဲ့ ဒေတာစင်တာဟာ ပထမဆုံးတစ်ခုဖြစ်ပြီး အနာဂတ်မှာ အလားတူ ဒေတာစင်တာ ၁၀၀ အထိ တည်ဆောက်ဖို့ ရည်မှန်းထားပါတယ်။ ဒါဟာ ရေအောက်က ကွန်ပျူတာမြို့တော်တစ်ခုကို တည်ထောင်နေသလို ဖြစ်နေပါတယ်။

ATK

0-0-0-0-0-0

## အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းခွဲတွင် မူးယစ်ဆေးဝါးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲ ကျင်းပ

**မန္တလေး နိုဝင်ဘာ ၁၂**

အခြေခံပညာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ပညာရေးမှူးရုံးနှင့် မြန်မာနိုင်ငံမူးယစ်ဆေးဝါးသုံးစွဲမှုပပျောက်ရေးအသင်း (ဗဟို-မန္တလေး)(AEDA-Mdy) တို့ ပူးပေါင်း၍ မူးယစ်ဆေးဝါးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို ယနေ့ နံနက်ပိုင်းက မဟာအောင်မြေမြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းခွဲတွင် ကျင်းပသည်။

ဟောပြောပွဲ၌ ကျောင်းဆရာကြီး ဦးမောင်မောင်သိန်းက အဖွင့်အမှာစကား ပြောကြားပြီးနောက်၊ တွဲဖက်အတွင်းရေးမှူး ဦးသန့်ဇင်ဦးက မူးယစ်သမိုင်းကြောင်းနှင့် အတွင်းရေးမှူး ဦးမြင့်သန်းက မူးယစ်ဆေးဝါးအမျိုးအစားများနှင့် ဆိုးကျိုးအန္တရာယ်အကြောင်းတို့ကို အသီးသီးဟောပြောပြီး ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည်များကို ပြန်လည်ပြောကြားခဲ့ကြောင်းနှင့် လက်ဆောင်ပစ္စည်းများ ချီးမြှင့်ကာ မူးယစ်ဆေးဝါးမသုံးမိစေရန် တက်ရောက်လာသည့် ကျောင်းသား၊ ကျောင်းသူတို့က သန္နိဋ္ဌာန်များ ရွတ်ဆိုခဲ့ကြကြောင်းသိရသည်။

(အောက်ပုံ)

(မန္တလေးနေ့စဉ်-၄)



## မဲဆန္ဒရှင်စာရင်းများမှန်ကန်မှုရှိစေရေး ဒုတိယအကြိမ် ပူးပေါင်းစိစစ်ခြင်းလုပ်ငန်းများ ဆောင်ရွက်

**ပျော်ဘွယ် နိုဝင်ဘာ ၁၂**

ပျော်ဘွယ်မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ ဒီဇင်ဘာလတွင်ကျင်းပမည့် အထွေထွေရွေးကောက်ပွဲ၌ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ ကျန်ရှိမှုမရှိစေရေး၊ မဲဆန္ဒရှင်စာရင်းများ မှန်ကန်စေရေး သက်ဆိုင်ရာတာဝန်ရှိသူများက ဒုတိယအကြိမ် ပူးပေါင်းစိစစ်ခြင်းလုပ်ငန်းကို နိုဝင်ဘာ ၁၁ ရက် မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနရုံးတွင် ဆောင်ရွက်လျက်ရှိသည်။

ဆောင်ရွက်ရာတွင် ဥပဒေနှင့် ညီညွတ်မှုမရှိသူများနှင့် သေဆုံးသူများ ပါဝင်မှုမရှိစေရေး၊ ဥပဒေနှင့်ညီညွတ်သည့် မဲဆန္ဒရှင်များ ကျန်ရှိမှုမရှိစေရေး၊ သတ်မှတ်ရက်အတွင်း ပြီးစီးနိုင်ရေး တို့ကို မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး ဝန်ထမ်းများ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ မြို့နယ်ဦးစီးမှူးရုံးမှ ဝန်ထမ်းများ၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စုများမှ အုပ်ချုပ်ရေးမှူးများနှင့် စာရေးဝန်ထမ်းများ၊ နိုင်ငံရေးပါတီဝင်များ၏ ပူးပေါင်းဆောင်ရွက်နေမှုကို ရမည်းသင်းခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိန်မြင့်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဝင်များက ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

မင်းမင်းထွေး(ပျော်ဘွယ်)



## မိုးစပါးအထွက်နှုန်းသိရှိစေရေး တိုက်ရိုက်မျိုးစေ့ချ မိုးစပါးစံကွက် ရိတ်သိမ်း

**ပင်လုံ နိုဝင်ဘာ ၁၂**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လွိုင်လင်ခရိုင်၊ ပင်လုံမြို့၌ မိုးစပါး အထွက်နှုန်းသိရှိစေရေး တိုက်ရိုက်မျိုးစေ့ချ(DRUM SEEDER) မိုးစပါး စံကွက်ရိတ်သိမ်းပွဲကို နိုဝင်ဘာ ၁၀ရက် နံနက်ပိုင်းက ပင်လုံအရှေ့ကျေးရွာအုပ်စု၊ ကွင်းအမှတ်(၃၇)၊ ဦးပိုင်အမှတ်(၁) တောင်သူ ဦးစိုင်းလုံ၏ လယ်မြေတွင် ကျင်းပခဲ့သည်။

ထိုသို့ ရိတ်သိမ်းရာတွင် ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကြည်မြင့်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသိန်းထွဋ်နှင့်အဖွဲ့ဝင်များ၊ မြို့အုပ်ချုပ်ရေးမှူး ဦးရန်ပိုင်ဖြိုးနှင့်အဖွဲ့ဝင်များ၊ ခရိုင်စိုက်ပျိုးရေးဦးစီးမှူး ဦးမျိုးမင်းသန်းနှင့်အဖွဲ့ဝင်များ၊ခရိုင်မြေစာရင်းဦးစီးမှူး ဦးစန်းလွင်နှင့် အဖွဲ့ဝင်များ၊ ပင်လုံမြို့စိုက်ပျိုးရေးဦးစီးဌာနနှင့် မြေစာရင်းဦးစီးဌာန ဦးစီးမှူးနှင့်ဝန်ထမ်းများ၊ မိုးစပါးစိုက်တောင်သူများနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

အဆိုပါ ဦးစိုင်းလုံ၏ လယ်မြေ(၂ ဒသမ ၅၃)ဧကတွင် DU 12(ဧည့်မထအထွက်ကောင်းမျိုး) စိုက်ပျိုးထားပြီး အထွက်နှုန်းမှာ တစ်ဧကလျှင် ပျမ်းမျှ ၁၁၈ ဒသမ ၆၃ တင်းထွက်ရှိကြောင်း သိရသည်။

(အောက်ပုံ)

မြို့နယ်(ပြန်/ဆက်)





## မန္တလေးမြို့တော် သန့်ရှင်းသာယာလှပရေးအတွက် မြို့နယ်များအလိုက် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**မန္တလေး နိုဝင်ဘာ ၁၂**

မန္တလေးမြို့တော်သန့်ရှင်းသာယာလှပရေးအတွက် မြို့နယ်များအလိုက် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခြင်းကို နိုဝင်ဘာ ၁၁ ရက် နံနက်ပိုင်းမှ မွန်းလွဲပိုင်းအထိ အောင်မြေသာစံမြို့နယ်မှ အမရပူရမြို့နယ်အတွင်း မြို့နယ်အလိုက် စုပေါင်းသန့်ရှင်းရေးလုပ်ငန်း အဖြစ် ရေစီးရေလာကောင်းမွန်စေရေးအတွက် မြောင်းများဆယ်ယူခြင်း၊ သစ်ပင်များ အလင်းဖွင့်ကိုင်းညှိခြင်း၊ လမ်းလယ်ကျွန်းများအတွင်း အလှပန်းပင်များ စိုက်ပျိုးခြင်းများကို ဆောင်ရွက်ခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာတွင် အောင်မြေသာစံမြို့နယ် ၆၂ လမ်း၊ ၁၆ လမ်းနှင့် ၁၉ လမ်းကြားတွင်လည်းကောင်း၊ ချမ်းအေးသာစံမြို့နယ် ၃၁ လမ်း၊ ၅၅ လမ်းနှင့် ၅၇ လမ်းကြားတွင်လည်းကောင်း၊ မဟာအောင်မြေမြို့နယ် ၃၅ လမ်း၊ ၅၄ လမ်းနှင့် အရှေ့မြို့ပတ်လမ်းကြားတွင်လည်းကောင်း၊ ချမ်းမြသာစည်မြို့နယ် သူရိန်နန်းလမ်း၊ (ရန်-မန်း) လမ်းနှင့် သံလမ်းကြားတွင်လည်းကောင်း၊ ပြည်ကြီးတံခွန်မြို့နယ် တောင်သမန်ပတ်လမ်း၊ ကြက်လျှာစွန်းမှ ဦးရွှေတောင်တံတားကြားတွင်လည်းကောင်း၊ အမရပူရမြို့နယ် ကန်ပတ်လမ်း ဦးရွှေတောင်တံတားနှင့် ရတနာပုံတက္ကသိုလ်ကြားတွင်လည်းကောင်း မြို့နယ်အလိုက် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများကို ဌာနအလိုက် သန့်ရှင်းရေးဝန်ထမ်းများ၊ ပန်းဥယျာဉ်နှင့် ကစားကွင်းများဌာန၊ ဈေးနှင့်သားသတ်ဌာန၊ စက်ရုံနှင့် မော်တော်ယာဉ်ဌာန၊ ရေနှင့်သန့်ရှင်းမှုဌာနတို့မှ ပူးပေါင်းဆောင်ရွက်နေကြရာ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဦးဝင်းမောင်၊ ကော်မတီဝင် ဦးမြင့်ဦးနှင့် ကော်မတီဝင် ဦးနေလင်းထွန်းတို့က လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သိရသည်။

**(အပေါ်ပုံ)**

**(မန္တလေးနေ့စဉ်-၆)**

## ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် မဲစာရင်းများ ပြည့်စုံမှန်ကန်စေရေး စိစစ်ခြင်းလုပ်ငန်းဆောင်ရွက်

**မန္တလေး နိုဝင်ဘာ ၁၂**

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ ရတနာဘုမ္မိအရှေ့ရပ်ကွက်၊ ရတနာကောသဘုရားဝင်းအတွင်းရှိ မန်းသိရိနိုမ္မာရုံ၌ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် မဲစာရင်းများ ပြည့်စုံမှန်ကန်စေရေးစိစစ်ခြင်းကို နိုဝင်ဘာ ၁၀ရက် နံနက်ပိုင်းက ဆောင်ရွက်ခဲ့သည်။

ဦးစွာ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် ဦးသက်နိုင်နှင့် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမောင်မောင်တို့က အမှာစကားပြောကြားခဲ့ပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးမျိုးဝင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ မဟာအောင်မြေမြို့နယ်ရုံး ဦးစီးအရာရှိ ဦးကောင်းမြတ်ကျော်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဦးရဲမင်းလွင်တို့က မဲစာရင်းများ ပြည့်စုံမှန်ကန်စေရေးအတွက် ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းဆွေးနွေးပြီး နိုင်ငံရေးပါတီဝင်များက သိရှိလိုသည်များအား မေးမြန်းမှုအပေါ် တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့သည်။

ထို့နောက် မဲစာရင်းများ ပြည့်စုံမှန်ကန်စေရေး စိစစ်ဆောင်ရွက်ခြင်း ပြုလုပ်ရာသို့ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန တိုင်းဒေသကြီးဦးစီးမှူး ညွှန်ကြားရေးမှူး ဦးစိုးလွင်နှင့် ခရိုင်ဦးစီးမှူး ဦးဟိန်းကျော်အောင်တို့က လာရောက်ကြည့်ရှု၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)(၀၅၆)**



## ရက်ကန်းစက်ကိုင်တွယ်မောင်းနှင်ထိန်းသိမ်းခြင်း နည်းပညာသင်တန်းဖွင့်ပွဲ ကျင်းပ

**မန္တလေး နိုဝင်ဘာ ၁၂**

ရက်ကန်းစက်ကိုင်တွယ်မောင်းနှင်ထိန်းသိမ်းခြင်းနည်းပညာသင်တန်းဖွင့်ပွဲကို နိုဝင်ဘာ ၁၀ ရက် နံနက် ၉ နာရီက ဆောင်းဒါးရက်ကန်းနှင့်အသက်မွေးပညာသိပ္ပံခန်းမတွင် ကျင်းပရာ ကျောင်းအုပ်ကြီးက သင်တန်းဖွင့်လှစ်ရခြင်း၏ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ကျောင်းအုပ်ကြီးနှင့် ဆရာ၊ ဆရာမများ၊ မန္တလေးမြို့အခြေစိုက် အိန္ဒိယကောင်စစ်ဝန်ချုပ်ရုံးမှ တာဝန်ရှိသူများ၊ အိန္ဒိယနိုင်ငံမှ ရက်ကန်းစက်ပြင်ဆရာများက စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

သင်တန်းကာလမှာ နိုဝင်ဘာ ၁၀ ရက်မှ ၁၂ ရက်အထိ ဖြစ်ပြီး ဆောင်းဒါးရက်ကန်းနှင့် အသက်မွေးပညာသိပ္ပံမှ အရာထမ်း၊ အမှုထမ်း ၁၀ ဦးတက်ရောက်ခဲ့ကြသည်။

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနသည် မဲခေါင်-ဂင်္ဂါ၊ ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်မှ Quick Impact Project(QIP) ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် Weaving and Vocational Sector Development Project အတွက် အိန္ဒိယနိုင်ငံမှ FLEXIBLE RAPIER LOOM SUITABLE FOR ELECTRONIC JACQUARD ရက်ကန်းစင်ကို အမရပူရမြို့နယ်ရှိ ဆောင်းဒါးရက်ကန်းနှင့် အသက်မွေးပညာသိပ္ပံတွင် တပ်ဆင်ပေးခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)**

**(၀၄၅)**






## မိုးစပါးစံကွက်ရိတ်သိမ်းခြင်း ကွင်းသရုပ်ပြပွဲ ပြုလုပ်

**တမူး နိုဝင်ဘာ ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမြို့တွင် မိုးစပါးစံကွက်ရိတ်သိမ်းခြင်း ကွင်းသရုပ်ပြပွဲကို ယမန်နေ့ နံနက်ပိုင်းက မြို့မအုပ်စု ၂၅၅(A)ကွင်းရှိ တောင်သူဦးတင်ဆိုင်၏ ဦးပိုင်အမှတ်(၃၇)တွင် စိုက်ပျိုးထားသော မော်ဘီ(၂)စပါးမျိုးစိုက်ခင်း၌ ကျင်းပခဲ့ပြီး (၀ ဒသမ ၁၀) ဧကအား စံကွက်ရိတ်သိမ်းခဲ့ရာ ၁၂တင်းထွက်ရှိ၍ တစ်ဧကတင်း ၁၂၀(အစို) ထွက်ရှိခဲ့သည်။

ဆက်လက်၍ မော်ဘီ(၂) စပါးမျိုး 6'.6"x 6'.6" စံကွက်အား စိုက်ပျိုးရေး၊ မြေစာရင်း ဝန်ထမ်းများ စုပေါင်းရိတ်သိမ်းခဲ့ရာ တစ်ဧက ၁၁၃ ဒသမ ၂၄ တင်းထွက်ရှိခဲ့ပြီး အထွက်နှုန်း မိတ်ဖက်အရ ကောက်ကွက်(၉၁)၊ ပင်ပွား(၁၀)၊ အနှံပါအောင် စေ့(၁၀၃)စေ့ဖြင့် တစ်ဧက ၁၂၅ ဒသမ ၆၆ တင်း ထွက်ရှိခဲ့သည်။

အဆိုပါ မိုးစပါးစံကွက်ရိတ်သိမ်းခြင်းကွင်းသရုပ်ပြပွဲသို့ တမူးခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းကိုကိုနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ကျော်မိုးနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ခရိုင်နှင့် မြို့နယ်စိုက်ပျိုးရေးဝန်ထမ်းများ၊ ဒေသခံတောင်သူ ၇၀ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**မြို့နယ်(ပြန်/ဆက်)**

၀-၀-၀-၀-၀-၀

## မန္တလေးဈေးကွက်အတွင်း ဒေသမျိုးရင်း ခရမ်းချဉ်သီးများ လှိုင်လှိုင်ဝင်ရောက်

**မန္တလေး နိုဝင်ဘာ ၁၂**

မန္တလေးဈေးကွက်အတွင်း နယ်ပယ်ပေါင်းစုံမှ ဒေသမျိုးရင်း ခရမ်းချဉ်သီးများ လှိုင်လှိုင်ဝင်ရောက်လာနေပြီး ဈေးကောင်းရလျက်ရှိကြောင်း ၄၁ လမ်း ကုန်စိမ်းလက်ကားဈေးရှိ ခရမ်းချဉ်ကုန်သည်များထံမှ သိရသည်။

ပြည်တွင်းမျိုး ခရမ်းချဉ်သီးများအား မန္တလေးမြို့အနီးဝန်းကျင်ရှိ ကျောက်ဆည်၊ တံတားဦး၊ စဉ့်ကိုင်၊ အမရပူရ၊ ပုသိမ်ကြီးနှင့် အခြားသော မြို့များမှ ထွက်ရှိကြောင်း သိရသည်။

"အခုရာသီက ဒေသမျိုးရင်း ခရမ်းချဉ်သီးထွက်တဲ့အချိန်ဖြစ်တယ်။ ဒေသပေါင်းစုံကလည်း မန္တလေးဈေးကွက်ထဲကို ဝင်ရောက်လာတယ်။ အဝင်များပေမယ့် ဈေးနှုန်းကတော့ ကောင်းတယ်။ အဝယ်လည်းများတယ်။ ဒီနှစ်က မနှစ်ကထက်စာရင် ဈေးကောင်းတယ်လို့ ပြောလို့ရတယ်" ဟု ၄၁ လမ်းကုန်စိမ်းလက်ကားဈေးအတွင်း ခရမ်းချဉ်သီးရောင်းချသူတစ်ဦးက ပြောသည်။

လက်ရှိ ဈေးကွက်တွင် တစ်ပိဿာလျှင် လက်လီငွေကျပ် ၈၀၀၀-၁၀၀၀၀ ဝန်းကျင်ရှိပြီး လက်ကားဈေးနှုန်း ငွေကျပ် ၆၀၀၀ ဝန်းကျင်ရှိကြောင်း၊ ခြံဖြတ်ဈေးနှုန်းမှာ တစ်ပိဿာလျှင် ငွေကျပ် ၄၀၀၀ ဝန်းကျင်ရှိကြောင်း ခရမ်းချဉ်သီးစိုက်ပျိုးသူများထံမှ သိရသည်။

ဒေသမျိုးရင်း ခရမ်းချဉ်သီးမှာ အခြားသော ခရမ်းချဉ်သီးမျိုးများထက် စိုက်ပျိုးမှုကုန်ကျစရိတ် ပိုမိုမြင့်မားသဖြင့် ယခင်နှစ်များက စိုက်ပျိုးသူအရေအတွက်နည်းပါးကြောင်း၊ ယခုနှစ်တွင် ခရမ်းချဉ်သီးဝယ်လိုအား ကောင်းမွန်ခြင်းကြောင့် လိုအပ်ချက်ရှိလာချိန်တွင် တောင်သူများက စိုက်ပျိုးမှုများ ပြုလုပ်ကြခြင်းဖြစ်သည်။

ဒေသမျိုးရင်းခရမ်းချဉ်သီးများမှာ အချဉ်ဓာတ်ပါဝင်မှုမြင့်မားပြီး အရွယ်အစားသေး၍ အခွံပါးပြီး အစေ့ပါဝင်မှုများကြောင်း၊ ရာသီဥတုနှင့် အပူဒဏ်ကို ပိုမိုခံနိုင်ရည်ရှိပြီး မျိုးစပ်ရာတွင် ပိုမိုကောင်းမွန်ကြောင်း၊ အနည်းငယ်အေးသောဒေသများတွင် စိုက်ပျိုးလျှင် ပိုမိုဖြစ်ထွန်းကြောင်း သိရသည်။



**(ဝဲပုံ)(မန္တလေးနေ့စဉ်-၈)**

# Health အလှအပနှင့် ကျန်းမာရေးကဏ္ဍ

## မျက်နှာဖောင်းခြင်းကိုသက်သာစေမယ့် Gua Sha




Gua Sha ဆိုတာကတော့ တရုတ်ရိုးရာ ဆေးပညာကနေ ဆင်းသက်လာတဲ့ ရုပ်ပိုင်းဆိုင်ရာ ကုထုံးတစ်မျိုးပဲ ဖြစ်ပါတယ်။ Gua Sha ကို ခန္ဓာကိုယ်နဲ့ မျက်နှာပေါ်က သွေးလည်ပတ်မှု ကောင်းမွန်စွာ စီးဆင်းမှုကို ပိုမို ကောင်းမွန်စေဖို့အတွက် အသုံးပြုကြတာဖြစ်ပါတယ်။ Gua Sha ကို များသောအားဖြင့် ကျောက်စိမ်း၊ သူဃောင်ကျောက် (Rose Quartz) တို့နဲ့ ပြုလုပ်ထားပြီး အနားသတ်ချောမွေ့တဲ့ ကျောက်ပြားလေးပုံစံဖြစ်ပြီး အခုခေတ်မှာတော့ စတီးနဲ့ပြုလုပ်ထားတဲ့ Gua Sha တွေကိုလည်း အသုံးပြုကြပါတယ်။

Gua Sha ကျောက်တုံးကို အသုံးမပြုခင် မျက်နှာ၊ ခန္ဓာကိုယ်ကို သေချာသန့်စင်ပြီး အဆီ(သို့မဟုတ်) အစိုဓာတ်ထိန်းခရင်မ် (Moisturizer) လိမ်းပါ။ ဒါမှ ကျောက်တုံးက ချောချောမွေ့မွေ့ ပွတ်တိုက်နိုင်ပြီး အသားအရေကို မနာကျင်စေမှာပါ။ စစချင်းမှာ အားအရမ်းမသုံးဘဲ ခပ်ဖွဖွ ပွတ်တိုက်ပေးရမှာဖြစ်ပြီး တဖြည်းဖြည်းနဲ့ အသားအရေ ခံနိုင်ရည်ရှိသလောက် အားထည့်ပြီး ပွတ်တိုက်နိုင်ပါတယ်။ Gua Sha ကျောက်တုံးကို ၄၅ ဒီဂရီထောင့် အနေအထားနဲ့ အသားအရေပေါ်မှာ ပွတ်တိုက်ပြီး အတွင်းဘက်မှ အပြင်ဘက်(သို့မဟုတ်)အောက်မှ အပေါ် ဦးတည်ချက်အတိုင်း ဖြည်းညင်းစွာ ပွတ်ဆွဲပါ။ နဖူး၊ မျက်ခုံးရိုး၊ မျက်လုံးအောက်၊ ပါးရိုး၊ မေးရိုးတို့ကို ပွတ်ဆွဲပါ။ လည်ပင်းအောက်ခြေမှ မေးရိုးအထိ အပေါ်သို့ ပွတ်ဆွဲပါ။ နေရာတစ်ခုစီကို သုံးကြိမ်မှ ငါးကြိမ်အထိ ပွတ်ဆွဲပေးနိုင်ပါတယ်။ အသုံးပြုပြီးတဲ့အခါ Gua Sha ကျောက်တုံးကို ဆပ်ပြာအပျော့စား ဒါမှမဟုတ် ရေနဲ့ သေချာဆေးကြောသန့်စင်ပြီး ခြောက်သွေ့အောင်ထားပါ။ နေ့စဉ် ညဘက် အသားအရေထိန်းသိမ်းတဲ့ အချိန်နဲ့ နံနက်ခင်း မျက်နှာသစ်ပြီးတဲ့အခါမှာ အသုံးပြုနိုင်ပါတယ်။ နေ့စဉ် ပုံမှန်ပြုလုပ်ပေးခြင်းအားဖြင့် မျက်နှာနဲ့ခန္ဓာကိုယ် သွေးလည်ပတ်မှုကောင်းစေပြီး မျက်နှာဖောင်းခြင်း၊ ခန္ဓာကိုယ် ဖောရောင်ခြင်းကို သက်သာစေတဲ့အပြင် တင်းနေတဲ့အကြောတွေကို ပြေလျော့စေပါတယ်။

**Daisy**

## Blazer Coat တွဲဖက်ဝတ်ဆင်နည်း ဖက်ရှင်များ



Blazer Coat တွေဟာ ခေတ်မရွေး၊ ဘယ်တော့မှမရိုးနိုင်တဲ့ (Classic) ဖက်ရှင်တစ်ခုဖြစ်ပြီး အမျိုးသားရော အမျိုးသမီးပါ ဝတ်ဆင်နိုင်ပါတယ်။ Blazer ကို ဘယ်လိုပုံစံအမျိုးမျိုးနဲ့ တွဲဖက်ဝတ်ဆင်ပြီး ဖက်ရှင်ကျအောင် ပြုလုပ်နိုင်မလဲဆိုတဲ့ အကြံဉာဏ်များကို ဖော်ပြပေးလိုက်ပါတယ်။

(၁) Blazer Coat နဲ့ စမတ်ကျပြီး ပေါ့ပေါ့ပါးပါးဖက်ရှင်တွေ ဝတ်ဆင်လို့ရပါတယ်။ Blazer Coat တီရှပ်အဖြူ၊ အမည်းစတဲ့ ရိုးရိုးရှင်းရှင်း အရောင်တွေ (သို့မဟုတ်)လည်ပိတ်ရှပ်အင်္ကျီ (Turtleneck)နှင့် ဂျင်းဘောင်းဘီ (Jeans)(အနက်၊ အပြာရင့်)တို့နဲ့ တွဲဝတ်ပါ။ အဖြူရောင် Sneakers(သို့မဟုတ်)Loafers တွေနဲ့ တွဲဝတ်ပေးရင် ခေတ်မီပြီး အထာကျတဲ့ဖက်ရှင်ကို ရရှိစေပါတယ်။ Blazer ကို ခပ်ပွပွ (Oversized) ပုံစံမျိုးရွေးချယ်ပြီး ဝတ်မယ်ဆိုရင် စမတ်ကျကာ ပေါ့ပေါ့ပါးပါးဖက်ရှင်ပုံစံမျိုး ပိုပြီး ပေါ်လွင်စေပါတယ်။

(၂) ရုံးတက်ဖက်ရှင်အနေနဲ့လည်း Blazer Coat ဝတ်ဆင်လို့ ရပါတယ်။ Blazer ကို အနက်ရောင်၊ မီးခိုးရောင်၊ အပြာရင့်အရောင်တွေကို ရွေးချယ်ပြီး အတွင်းပိုင်းမှာ ရှပ်အင်္ကျီကို ဝတ်ကာ အောက်ပိုင်းမှာ စတိုင်ပင်(သို့မဟုတ်) ဘောင်းဘီအရှည်တွေနဲ့ တွဲဝတ်ပါ။ ဒေါက်မြင့်ဖိနပ်မျိုးစုံ၊ Boots တွေနဲ့ တွဲဝတ်ဆင်ခြင်းဖြင့် လူကြီးလူကောင်းဆန်ဆန် (သို့မဟုတ်) ပရော်ဖက်ရှင်နယ် အသွင်အပြင်ကို ရရှိစေပါတယ်။

(၃) Blazer Coat နဲ့ သူများနဲ့မတူ ထူးခြားတဲ့ဖက်ရှင်မျိုးကိုလည်း ဖန်တီးဝတ်ဆင်နိုင်ပါသေးတယ်။ Blazer ကို ဂါဝန်တို (Mini Dress) (သို့မဟုတ်) စကပ်အရှည်(Midi Skirt)ပေါ်ကနေ ထပ်ဝတ်ပါ။ မပူမအေးရာသီဥတုမျိုးမှာလည်း ဘောင်းဘီအတိုနဲ့ Blazer ကို တွဲဝတ်နိုင်ပါတယ်။Blazer ကို ခါးပတ်(Belt) ပတ်ပြီး Coat ကိုပဲ Dress လို ဝတ်ဆင်တဲ့ ပုံစံမျိုးကလည်း ဖက်ရှင်ကျတဲ့စတိုင်လ်တစ်ခုဖြစ်ပါတယ်။ Boots အရှည်တွေနဲ့ တွဲဝတ်တာက ပိုပြီးလှပဖက်ရှင်ကျစေပါတယ်။

**Daisy**

## ဆောင်းရာသီနဲ့လိုက်ဖက်မယ့် လက်သည်းအလှပုံစံများ



မကြာခင်မှာ ဆောင်းရာသီရဲ့ အအေးဆုံးအချိန်တွေ ရောက်လာတော့မှာဖြစ်ပြီး နှစ်တစ်နှစ်ရဲ့ နောက်ဆုံးလဖြစ်တဲ့ ဒီဇင်ဘာလမှာ ခရစ္စမတ်ပွဲ၊ ပျော်ပွဲရွှင်ပွဲ၊ နှစ်သစ်ကူးပွဲနဲ့ အားလပ်ရက်တွေ တစ်ခုပြီးတစ်ခု ရောက်ရှိလာတော့မှာပါ။ ပွဲလမ်းသဘင်နဲ့ အလည်အပတ်ခရီးစဉ်တွေ သွားလာတဲ့အခါမှာ ဆောင်းရာသီဖက်ရှင်အတွက် ကြိုတင်ပြင်ဆင်ထားချင်တဲ့သူတွေအတွက် ဆောင်းရာသီနဲ့ လိုက်ဖက်မယ့် လက်သည်းအလှပုံဖော်နည်းတွေကို ဖော်ပြပေးလိုက်ပါတယ်။

**Daisy**



## ခံတွင်းသန့်ရှင်းရေးအတွက် မှန်ကန်စွာ သွားတိုက်နည်း

သွားတိုက်တယ်ဆိုတာ သွားတိုက်တံပေါ်မှာ သွားတိုက်ဆေးထည့်ပြီး သွားကိုပွတ်တိုက်ရုံ၊ ခံတွင်းနံ့ ရှင်းသွားရုံ တိုက်ရတာမဟုတ်ပါဘူး။ သွားတိုက်တာဟာ သွားနဲ့ခံတွင်းသန့်ရှင်းရေးနဲ့ ကျန်းမာရေးအတွက် တိုက်ရတာဖြစ်ပါတယ်။ သွားတိုက်နည်း မမှန်ကန်ရင် သွားနဲ့ခံတွင်းကြားမှာရှိတဲ့ အစာအကြွင်းအကျန်တွေကြောင့် သွားပိုးစားခြင်း၊ ခံတွင်းအနံ့နံခြင်းနဲ့ အခြားသွားရောဂါတွေ ဖြစ်စေနိုင်ပါတယ်။ ဒါကြောင့် သွားကို ဘယ်လိုပုံစံနဲ့ တိုက်ရမလဲဆိုတာ အကြံပြု မျှဝေလိုက်ပါတယ်။

သွားတိုက်တံရွေးချယ်တဲ့အခါမှာ သွားကြားနဲ့ ခံတွင်းအတွင်းပိုင်းအထိ အညစ်အကြေးတွေကို သေချာသန့်ရှင်းပေးနိုင်တဲ့ အမျိုးအစားကို ရွေးချယ်အသုံးပြုပါ။ သွားတိုက်ဆေးကို အများကြီးထည့်သုံးရင် သွားတွေ ပိုကောင်း၊ ပိုသန့်ရှင်းသွားတာ မဟုတ်တဲ့အတွက် သွားတိုက်ဆေးကို မန်ကျည်းစေ့ပမာဏလောက် ထည့်တိုက်ရင် လုံလောက်ပါပြီ။ သွားတိုက်တဲ့အခါမှာ သွားတိုက်တံကို သွားဖုံးနဲ့ သွားကြားမှာ ၄၅ ဒီဂရီထောင့်ချိုးအနေအထားနဲ့ အပြင်ဘက် သွားမျက်နှာပြင်များ (ပါးနှင့် ထိတွေ့သောဘက်)ကို အပေါ်အောက် ဖြည်းဖြည်းချင်း အဝိုင်းပုံစံ ပွတ်တိုက်ပါ။ ဘယ်သောအခါမှ ဘေးတိုက်အင်အားသုံးပြီး မတိုက်ပါနဲ့။ သွားတစ်ချောင်းချင်းစီကို ဂရုတစိုက်တိုက်ပါ။

အတွင်းဘက် သွားမျက်နှာပြင်များ (လျှာနှင့် ထိတွေ့သောဘက်)ကို အပေါ်အောက် ဖြည်းညင်းစွာနဲ့ ပွတ်တိုက်ပါ။ အပေါ်သွား အတွင်းဘက်နှင့် အောက်သွား အတွင်းဘက်တို့ကို စနစ်တကျ တိုက်ပါ။ အစာဝါးရာတွင် အသုံးပြုသော သွားမျက်နှာပြင်များကို ဖိအားမများဘဲ ရှေ့နောက် တိုက်ရိုက်လှုပ်ရှားမှုဖြင့် တိုက်ပါ။ သွားတိုက်ပြီးသွားရင် လျှာကို အနောက်မှအရှေ့သို့ ဖြည်းညင်းစွာ ပွတ်တိုက်ပါ(သို့မဟုတ်)လျှာပွတ်တံကို အသုံးပြုပါ။ အနည်းဆုံးအချိန် တစ်မိနစ်ကြာအောင်သွားတိုက်ပါ။ သွားဖုံးပျက်စီးခြင်းမှ ကာကွယ်ရန် အင်အားပြင်းပြင်း ဖိတိုက်ခြင်းကို ရှောင်ပါ။ တစ်နေ့လျှင် နံနက်တစ်ကြိမ်နှင့် ညအိပ်ရာဝင်ခါနီး တစ်ကြိမ် နှစ်ကြိမ်ပုံမှန် သွားတိုက်ပေးပါ။

**Daisy**

## ကယ်လိုရီတွေ ပိုမိုလောင်ကျွမ်းစေပြီး အဆီကျစေတဲ့ လှေကားတက်လေ့ကျင့်ခန်း

ဝိတ်ကျစေဖို့အတွက် နေ့စဉ် ခြေလမ်းပေါင်း တစ်သောင်း၊ အချိန် တစ်နာရီကြာ လမ်းလျှောက်ဖို့ လိုအပ်ပါတယ်။ အဲ့ဒီလို မလျှောက်နိုင်ဘူးဆိုရင် ကယ်လိုရီပိုလောင်ကျွမ်းတဲ့ လှေကားတက်လေ့ကျင့်ခန်းကို နာရီဝက် ပြုလုပ်နိုင်ပါတယ်။ လှေကားတက်လေ့ကျင့်ခန်း (Stair Climbing) ဟာ ရိုးရှင်းပေမယ့် အကျိုးကျေးဇူးများစွာ ရရှိစေနိုင်တဲ့ ထိရောက်တဲ့ လေ့ကျင့်ခန်းတစ်ခုဖြစ်ပါတယ်။ လှေကားတက်ခြင်းဟာ လမ်းလျှောက်ခြင်းနဲ့ယှဉ်ရင် ကယ်လိုရီတွေကို ပိုမိုမြန်ဆန်စွာ လောင်ကျွမ်းစေနိုင်ပါတယ်။ ခန္ဓာကိုယ်အဆီပိုများကို လျှော့ချပေးပြီး သွယ်လျတဲ့ ခန္ဓာကိုယ်ပုံစံလိုချင်ရင်တော့ လှေကားများများတက်ပေးရုံပါပဲ။ ကြွက်သားတွေနဲ့ အရိုးကိုလည်း သန်မာစေပါတယ်။ လှေကားတက်ခြင်းဟာ ပြင်းထန်မှုအသင့်အတင့်ရှိတဲ့ လေ့ကျင့်ခန်း (Cardio Exercise) အမျိုးအစားဖြစ်လို့ နှလုံးခုန်နှုန်းကို မြန်စေပြီး နှလုံးနဲ့ အဆုတ်ရဲ့ လုပ်ဆောင်နိုင်စွမ်းကို တိုးတက်စေပါတယ်။ သွေးတိုးရောဂါ ဖြစ်နိုင်ခြေကို လျှော့နည်းစေပါတယ်။ အားကစားရုံတွေကို တကူးတက သွားစရာမလိုဘဲ မိမိအိမ်နဲ့ ပတ်ဝန်းကျင်မှာ အချိန်မရွေး အလွယ်တကူပြုလုပ်နိုင်တဲ့ လေ့ကျင့်ခန်းဖြစ်တဲ့အပြင် လေ့ကျင့်ခန်းလုပ်ခြင်းအားဖြင့် စိတ်ဖိစီးမှုကိုလည်း လျှော့ချပေးနိုင်ပါတယ်။ ဒါဆိုရင် ကိုယ်ရဲ့နေအိမ်က အထပ်မြင့်နေရာမှာရှိတယ်ဆိုရင် ဓာတ်လှေကားသုံးမယ့်အစား ရိုးရိုးလှေကားကို အသုံးပြုပြီး အဆင်းအတက်ပြုလုပ်ရုံနဲ့ ဝိတ်ကျစေမှာဖြစ်ပါတယ်။

**Daisy**

# (၁၀၅)နှစ်မြောက်အမျိုးသားအောင်ပွဲနေ့အကြို စာဖတ်ဝိုင်းနှင့်ပြပွဲ၊ ပြိုင်ပွဲများ ကျင်းပ

**မန္တလေး နိုဝင်ဘာ ၁၂**

မန္တလေးတိုင်းဒေသကြီး၊ မန္တလေးခရိုင်၊ လူထုအခြေပြုဗဟို ဌာန၌ ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာ ၁၄ ရက်တွင် ကျရောက်မည့် (၁၀၅)နှစ်မြောက် အမျိုးသား အောင်ပွဲနေ့အကြို စာဖတ်ဝိုင်း၊ စာစီစာကုံးပြိုင်ပွဲ၊ စိတ်ကြိုက်ပန်းချီပြိုင်ပွဲ၊ စာဖတ်စွမ်းရည်ပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲများကို ယမန်နေ့ မွန်းလွဲ ၁ နာရီက ကျင်းပခဲ့သည်။ **(အောက်ပုံ)**



ရှေးဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မန္တလေးခရိုင်၊ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မြင့်မြင့်သန်းက ကျောင်းသားများကို အမျိုးသား၊ အောင်ပွဲနေ့ဖြစ်ပေါ်လာပုံနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်ပြီး အမှတ်(၂၅) အခြေခံပညာအထက်တန်းကျောင်းခွဲမှ ကျောင်းသား ၁၅ ဦးနှင့် စာဖတ်ဝိုင်းပြုလုပ်ခဲ့ပြီး (၁၀၅)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အကြိုအထိမ်းအမှတ်အဖြစ် ကျောင်းသား ၁၅ ဦးက စာစီစာကုံးပြိုင်ပွဲ၊ စိတ်ကြိုက်ပန်းချီပြိုင်ပွဲ၊ စာဖတ်စွမ်းရည်ပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ကြသည်။

ထို့နောက် မန္တလေးခရိုင်၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လူပသာယာပြည်မြန်မာ နံရံကပ်စာစောင်ပြသခြင်းနှင့် ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေး နံရံကပ်စာစောင်ပြသခြင်း၊ သုတ၊ ရသစာအုပ်စာစောင်များ ပြသဆောင်ရွက်ခြင်းနှင့် (၁၀၅)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အသိပညာပေး လက်ကမ်းစာစောင်များကို ကျောင်းသားများထံ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**စင်မင်းမောင်**

**(ခရိုင် ပြန်/ဆက်)**

# နယ်လှည့်စာကြည့်တိုက်နှင့် အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ်ပြပွဲ ပြုလုပ်

**မြို့သစ် နိုဝင်ဘာ ၁၂**

မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ်တွင် စာဖတ်ရှိန်မြှင့်တင်ရေးနှင့် ကျောင်းသားကျောင်းသူများ အသိပညာဗဟုသုတ ရရှိစေရေးအတွက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ နယ်လှည့်စာကြည့်တိုက်နှင့်(၁၀၅)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ် အသိပညာပေးပြပွဲကို ယမန်နေ့ မွန်းလွဲပိုင်းက သန်းကုန်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း၌ ပြုလုပ်ခဲ့သည်။

ကွင်းဆင်းဆောင်ရွက်ရာတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးအရာရှိ ဒေါ်ဝင်းအိဇွန်က ကျောင်းသား၊ ကျောင်းသူများအား စာပေဖတ်ရှုခြင်းဖြင့် ရရှိနိုင်မည့် အကျိုးကျေးဇူးများနှင့် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ်ဆိုင်ရာအကြောင်းအရာများကို အသိပညာပေးဟောပြောပြီး စာအုပ်စာစောင်များနှင့် (၁၀၅)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ်အသိပညာပေး နံရံကပ်စာစောင်များပြသရာ ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ လေ့လာဖတ်ရှုခဲ့ကြောင်း သိရသည်။ **(ဝဲပုံ)**



**ဝင်းအိဇွန် (ပြန်/ဆက်)**

# မြို့မအခြေခံပညာအလယ်တန်းကျောင်းတွင် လူငယ်ရေးရာ အသိပညာပေးဟောပြော

**တောင်တွင်းကြီး နိုဝင်ဘာ ၁၂**

ကျောင်းသား၊ ကျောင်းသူများ ကျောင်းစာအပြင် ပြင်ပစာပေ ဗဟုသုတများ ကြွယ်ဝစေရန်၊ လူငယ်လူရွယ် ကျောင်းသား၊ ကျောင်းသူများအား ဘက်စုံထူးချွန်ဖွံ့ဖြိုးတိုးတက်စေပြီး ဘဝရည်မှန်းချက်ပန်းတိုင်များ ကောင်းမွန်စွာ လျှောက်လှမ်းနိုင်ကြစေရန်ရည်ရွယ်၍ မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် မြို့မ အခြေခံပညာအလယ်တန်းကျောင်းတွင် ယနေ့ နံနက်ပိုင်းက လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲ ကျင်းပခဲ့သည်။

အဆိုပါ ဟောပြောပွဲတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မြို့နယ်ဦးစီးအရာရှိ ဒေါ်အေးမိုးမိုးမြင့်က လူငယ်နှင့် ရည်မှန်းချက်၊ လူငယ်နှင့် အကျင့်စာရိတ္တကောင်းမွန်ရေး၊ လူငယ်နှင့် စာဖတ်ခြင်း၊ လူငယ်နှင့်ယဉ်ကျေးမှု၊ လူငယ်နှင့်မူးယစ်ဆေးဝါး အန္တရာယ်စသည့် အကြောင်းအရာများကို ဟောပြောခဲ့ကြသည်။

ဟောပြောပွဲသို့ တက်ရောက်လာကြသည့် ကျောင်းသား၊ ကျောင်းသူများက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ပြသထားသည့် လူငယ်ရေးရာ အသိပညာပေး နံရံကပ်စာစောင်များကို လေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

**နောင်နောင် (မီသနိုးမြေ)**






ပတ်စရော၊ မှတ်စရာ

စုံလင်

မန္တလေး

## ဘဝတကျော

------------------

* ဘဝအိပ်မက်

ပျော်ရက်မကြာ၊ ခဏတာကို

"ငါ"သာ သခင်၊ "ငါ"အရှင်ဟု

"ငါ"တွင်တွင်သုံး။ "ငါ"မမုန်းနိုင်

မဆုံးသည့်"ငါ"၊ တ"ငါ" "ငါ"နှင့်

"ငါ"နှင့်လွန်ဆွဲ၊ "ငါ"ပိုကဲလို့

"ငါ"စွဲ "အတ္တ"၊ ခွာမရသည်

ဘဝအဓိပ္ပာယ်၊ ရှာရင်းလွယ်

ဘယ်ခါလွတ်ပါ့၊ အတ္တနယ် ။

* "ငါ"စွဲတဏှာ

ဖယ်ခွာမရ၊ စွဲ"အတ္တ"မှ

"မာန" "ဒိဋ္ဌိ"၊ နိုဝင်ငြိတော့

ကိလေသာနွယ်၊ မျိုးစုံတွယ်သည်

ဘယ်ခါလွတ်ပါ့၊ လောကီနယ်

သံသရာနယ်၊ လည်မြဲလည် ။

* ဪ---

အပြောကျယ်စွာ၊ ဝဲဩဃမှာ

လည်ရမွှေ့လျော်၊ ပျော်ကြီးပျော်လို့

နေသော်မဝ၊ နေလိုကြလည်း

ပျော်ရမကြာ၊ ခဏတာတွင်

တက်လာရေပွက်၊ ပမာပျက်သည်

စွဲချက်တင်ဖို့၊ ရှာမလွယ်

လျှောက်ပါလေဦး၊ သံသရာနယ် ။ ။

မြတ်ထွဏ်းနောင်

## တောင်ဆောင်တော်မိဖုရားကြီး (၁၃၃)နှစ်ပြည့် မတကဘတ် ဆွမ်းကပ်လှူဒါန်း

**မန္တလေး နိုဝင်ဘာ ၁၂**

မန္တလေး မြို့တည်၊ နန်းတည် မင်းတုန်းမင်းတရားကြီး၏ တောင်ဆောင်တော်မိဖုရားကြီးဖြစ်သော သုသီရိအတုလဒေဝီ ကံတော်ကုန်ခြင်း(၁၃၃)နှစ်ပြည့်အဖြစ် မတကဘတ်ဆွမ်း ဆက်ကပ်လှူဒါန်းခြင်းကို နိုဝင်ဘာ ၁၁ရက် နံနက် ၆ နာရီက မိဖုရားကြီး အုတ်နန်းပြာသာဒ်ရှိရာ ၃၂လမ်းနှင့် ၃၃ လမ်း၊ ၇၅လမ်းနှင့်၇၆လမ်းကြား ရှိ တောင်ဆောင်တော်မိဖုရားကြီးဝင်းအတွင်း ပြုလုပ်သည်။

ဆွမ်းဆက်ကပ်ရာသို့ မန္တလေးမြို့ မြေနီကျင်းကျောင်းတိုက် သတိပဋ္ဌာန် သာသနာရိပ်သာကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ သုမနအမှူးပြုသော ပင့်သံဃာတော်များ ကြွရောက်တော်မူကြပြီး တောင်ဆောင်တော်မိဖုရားကြီး၏ မျိုးဆက်များဖြစ်သော စကုအိမ်တော်မှ ဆွေတော်မျိုးတော်များက လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး တရားတော်များ နာယူကာ အမျှပေးဝေကြသည်။



တောင်ဆောင်တော်မိဖုရားကြီးမှာ မင်းတုန်းမင်းတရားကြီး၏ မင်္ဂလာအိမ်တော်ပါ မိဖုရားကြီးဖြစ်ပြီး ထီးနန်းစိုးစံသောအခါ တောင်ဆောင်တော်မိဖုရားကြီးအဖြစ် ချီးမြှောက်ခံရသူဖြစ်သည်။

၁၈၂၆ ခုနှစ်တွင် ဖွားမြင်ပြီး မြန်မာသက္ကရာဇ် ၁၂၅၄ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၈ရက် (၁၈၉၂ ခုနှစ် နိုဝင်ဘာ ၁၁ ရက်)တွင် ကံတော်ကုန်ခဲ့သည်။ ကံတော်ကုန်စဉ် မိဖုရားကြီး နေထိုင်ရာ တောင်ဆောင်တော်မိဖုရားဝင်းအတွင်း၌ပင် အုတ်နန်းပြာသာဒ်တော် ဆောက်လုပ် သင်္ဂြိုဟ်ခဲ့ကြောင်း သိရသည်။(ဝဲပုံ) (မန္တလေးနေ့စဉ်-၆)

## စိန်ပန်းရပ်ကွက် ပြည်သူများ တတိယအကြိမ်မြောက် စုပေါင်းမဟာဘုံကထိန် ကျင်းပ

**မန္တလေး နိုဝင်ဘာ ၁၂**

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ စိန်ပန်းရပ်ကွက်၌ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရပ်ကွက်နေ ပြည်သူများ စုပေါင်း၍ တတိယအကြိမ်မြောက် စုပေါင်းမဟာဘုံကထိန်တော်ကို ယနေ့တွင် ကျင်းပခဲ့သည်။

စိန်ပန်းရပ်ကွက် အုပ်ချုပ်ရေးမှူးနှင့် ရပ်ကွက်နေပြည်သူများ စုပေါင်း၍ တတိယအကြိမ်မြောက် စုပေါင်းမဟာဘုံကထိန်တော်ကို မအူပင်ကျောင်းတိုက်ဆရာတော်ကြီးထံ နမောတဿ သုံးကြိမ်ရွတ်ဆိုပြီး သြဝါဒခံယူကာ ရပ်ကွက်နေပြည်သူများဖြင့် စည်းကားသိုက်မြိုက်စွာ ကျင်းပ၍ နဝကမ္မဝတ္ထုငွေနှင့် ပစ္စည်းတန်ဖိုးငွေကျပ် ၄၀၄၅၂၀၀၀ အား မအူပင်ကျောင်းတိုက် ဆရာတော်၊ သံဃာတော်တို့ထံ ရေစက်ချ လှူဒါန်းခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

(၀၅၆)



## မဟာမြိုင် စည်ပင်ဝန်ထမ်းအိမ်ရာမိသားစု အကြိမ်(၁၄၀)မြောက် ဘုံဆွမ်းလောင်းလှူ

**မန္တလေး နိုဝင်ဘာ ၁၂**

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ၊ မဟာမြိုင်စည်ပင်ဝန်ထမ်းအိမ်ရာ၊ ၃၆လမ်း၊ ၆၈လမ်းနှင့် လမ်း၇၀ကြားတွင် နေထိုင်သည့် ဝန်ထမ်းမိသားစုများမှ စုပေါင်း၍ အပတ်စဉ်(တနင်္ဂနွေနေ့)တွင် လေးပြင်၊ လေးရပ်မှ ကြွရောက်အလှူခံတော်မူကြသော သံဃာတော်နှင့် သာမဏေများအား ဘုံဆွမ်းလောင်းလှူကြသည်။

ဘုံဆွမ်းလောင်းလှူရာတွင် ဝန်ထမ်းမိသားစုဝင်များက လေးပြင်၊ လေးရပ်မှ ကြွရောက်တော်မူကြသော ဆရာတော်၊ သံဃာတော်များအား နိုဝင်ဘာ ၉ ရက် နံနက်ပိုင်းက အကြိမ်(၁၄၀)မြောက်အဖြစ် ဆွမ်း၊ ဝက်သားမျှစ်ချဉ်ချက်၊ ငါးပိထောင်းဘူးများကို ၃၆လမ်းနှင့် ၆၉လမ်းထောင့်တွင် ပြင်ဆင်၍ ကြွရောက်လာကြသော သံဃာတော်နှင့် သာမဏေ အပါး ၂၀၀ ကျော်တို့အား နံနက် ၅ နာရီခွဲမှ စတင်၍ ဆွမ်းနှင့် ဆွမ်းဟင်းများ လောင်းလှူကြည်ညိုခဲ့ကြပြီး အပတ်စဉ်တနင်္ဂနွေနေ့တိုင်း ဆက်လက်လောင်းလှူကြမည်ဖြစ်၍ လေးပြင်၊ လေးရပ်မှ သံဃာတော်များအား ကြွရောက်အလှူခံနိုင်ပါရန် ပင့်ဖိတ်ထားကြောင်း သိရသည်။

(အောက်ပုံ)

(မန္တလေးနေ့စဉ်-၃)



## အရန်မီးသတ်တပ်ဖွဲ့ (၂၂၂)ကြိမ်မြောက် သံဃာတော်များအား အရုဏ်ဆွမ်းလောင်းလှူ

**မန္တ လေး နိုဝင်ဘာ ၁၂**

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ညောင်ကွဲရပ်ကွက်၊ အရန်မီးသတ်တပ်ဖွဲ့ရုံးရှေ့၌ ယမန်နေ့ နံနက်ပိုင်းက (၂၂၂)ကြိမ် မြောက် အရုဏ်ဆွမ်းလောင်းလှူပွဲ ကျင်းပသည်။

အရုဏ်ဆွမ်းလောင်းလှူဒါန်းခြင်းတွင် မြို့နယ်အရန်မီးသတ်တပ်ဖွဲ့ တပ်ခွဲ(၃)တပ်ခွဲမှူး ဇော်ဝင်းအောင်၊ ရပ်ကွက်အရန်မီးသတ်တပ်ဖွဲ့ တပ်စုမှူး တင်မောင်ဆန်းနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ မိသားစုဝင်များပူးပေါင်း၍ ရပ်ကွက်အတွင်း လေးပြင်လေးရပ်မှ ဆွမ်းခံကြွရောက်လာကြသော သံဃာတော်နှင့် သာမဏေအပါး ၁၅၀ အား ဆွမ်းနှင့် ဆွမ်းဟင်းများ လောင်းလှူခဲ့ကြကြောင်း သိရသည်။

(ယာပုံ)

(၀၇၀)



## အိုးဘိုရပ်ကွက် ရပ်ကွက်လုံးဆိုင်ရာ (၂၉)ကြိမ်မြောက် စုပေါင်းဘုံကထိန်ပွဲ ပြုလုပ်

**မန္တလေး နိုဝင်ဘာ ၁၂**

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ အိုးဘိုရပ်ကွက်နေ ဦးဝင်း+ဒေါ်ချစ် မိသားစုတို့ ဦးဆောင်၍ ကလျာဏမိတ္တလူမှုကူညီရေးနှင့် ပရဟိတမင်းခေါင် ရှာဖွေကယ်ဆယ်ရေးအသင်း၊ ကာယကံမေတ္တာလူမှုကူညီရေးအသင်း၊ အကျဉ်းဦးစီးဌာနမိသားစုနှင့် မြောက်ပြင် အိုးဘိုရပ်ကွက်လုံးဆိုင်ရာ မိသားစုများ၊ စုပေါင်းလှူဒါန်းသော (၂၉)ကြိမ်မြောက် စုပေါင်းမဟာဘုံကထိန်ကို မန္တလေးတိုင်းဒေသကြီး၊ မြစ်ငယ်မြို့၊ မြို့ပြင်ကြီးရွာ၊ အုန္တကျောင်း၌ ယမန်နေ့ နံနက် ၉ နာရီက အဆိုပါကျောင်းတိုက်၌ ရေစက်ချလှူဒါန်းခဲ့သည်။

ရှေးဦးစွာ ညပိုင်းတွင် ကထိန်လှာသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ၊ နဝကမ္မဝတ္ထုငွေနှင့် ပဒေသာပင်များကို ကြည်ညိုဖွယ်ရာ ခင်းကျင်းပြီး ကြွရောက်လာသူများအား ထမင်း၊ ငါးခြောက်ထောင်းကြော်၊ ပဲတီချဉ်သုပ်၊ ပဲဟင်းချိုတို့ဖြင့် စတုဒိသာအဖြစ် ကျွေးမွေးကုသိုလ်ပြုကြသည်။

ရေစက်ချအခမ်းအနားသို့ မြစ်ငယ်မြို့၊ မြို့ပြင်ကြီးရွာ အုန္တကျောင်းပဓာန နာယက ဗုဒ္ဓသာသနာပြုဆရာတော် ဘဒ္ဒန္တ အာစိန္န အမှူးပြုသော ပင့်သံဃာတော်များ ကြွရောက်ချီးမြှင့်ရာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ဖွင့်လှစ်ပြီး ဆရာတော် ဘဒ္ဒန္တ အာစိန္နထံမှ သီလခံယူ၍ ကထိန်သင်္ကန်းနှင့် လှူဖွယ်ဝတ္ထုများ၊ ငွေပဒေသာပင်များ၊ အလှူငွေကျပ်သိန်း ၅၀ တို့ကို ဆက်ကပ်လှူဒါန်းပြီး လှူဒါန်းမှုအတွက် ရေစက်ချ အနုမောဒနာ တရားနာယူကာ အမျှပေးဝေကြောင်း သိရသည်။

(အောက်ဝဲပုံ)

(၀၄၃)



## (၉၈)ကြိမ်မြောက် သာသနာ့အနွယ်ဝင် သီလရှင် ၆၂ ပါးအား ဆွမ်းဆန်တော်နှင့် အလှူငွေလောင်းလှူ

**သရက် နိုဝင်ဘာ ၁၂**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့၌ လစဉ်လပြည့်နေ့တိုင်း လှူဒါန်းလျက်ရှိသည့် (၉၈)ကြိမ်မြောက် သာသနာ့အနွယ်ဝင် သီလရှင် ၆၂ ပါးအား ဆွမ်းဆန်တော်နှင့် အလှူငွေလောင်းလှူပွဲကို ယမန်နေ့ နံနက် ၈ နာရီက ပြည်တော်အေးရပ်ကွက်၊ ဆင်ဖြူတော် ဘုန်းတော်ကြီးကျောင်းတွင် ပြုလုပ်ခဲ့သည်။

အဆိုပါ လောင်းလှူပွဲကို ဆင်ဖြူတော်ကျောင်းတိုက် ဆရာတော်က ဦးဆောင်၍ ရပ်ကွက်အသီးသီးမှ အလှူရှင် စေတနာရှင်များ စုပေါင်း၍ လစဉ်လပြည့်နေ့တိုင်း သာသနာ့အနွယ်ဝင် သီလရှင်များအား ဆွမ်းဆန်စိမ်းလောင်းလှူလျက်ရှိရာ မြို့ပေါ်ကျောင်းတိုက်အသီးသီးမှ သီလရှင် ၆၂ ပါးအား ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ဝတ္ထုငွေနှင့် အသုံးဆောင်ပစ္စည်းများကို စေတနာရှင် အလှူရှင်များ စုပေါင်း၍ လောင်းလှူပြီး ဆင်ဖြူတော် ဘုန်းတော်ကြီးကျောင်း ဆရာတော်ထံမှ ရှစ်ပါးသီလ ခံယူဆောက်တည်ပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေခဲ့ကြောင်း သိရသည်။



(ဝဲပုံ)

ဇော်ထက်(သရက်)

ကျန်းမာရေး ကဏ္ဍ

# ကျန်းမာရေးအတွက် ဆေးနည်းများ

အောင်မျိုးမြတ်(မန္တလေး)



**ရွှေဖရုံသီးအစေ့**

ရွှေဖရုံသီးစေ့ထဲမှာပါတဲ့ သဘာဝအာဟာရဒြပ်ပေါင်းတွေဟာ ဆီးကျိတ်ကို စောင့်ရှောက်ပေးပြီး အသက် ၅၀ ကျော် အမျိုးသားများမှာ ခံစားရလေ့ရှိတဲ့ ဆီးကျိတ်ကြီးရောဂါ၊ ဆီးကျိတ်ကင်ဆာ ရောဂါတွေကို ကာကွယ်ပေးနိုင်ပါတယ်။ ဆီးကျိတ်ကြီးရောဂါခံစားနေရသူတွေမှာလည်း ဆီးသွားရခက်တဲ့ ပြဿနာကို လျှော့ချပေးနိုင်ပါတယ်။

ဆီးအိမ်ရဲ့ အညစ်အကြေးစွန့်ထုတ်နိုင်မှုကို ကောင်းမွန်စေပြီး ဆီးအိမ်ကင်ဆာမဖြစ်အောင် ကာကွယ်ပေးပါတယ်။

ဖရုံစေ့မှာ L-Tryp-tophan လို့ခေါ်တဲ့ အမိုင်နိုအက်စစ်ဓာတ် ကြွယ်ဝစွာ ပါဝင်လို့ စိတ်ကျရောဂါဝင်လာခြင်းကို တားဆီးပေးနိုင်ပါတယ်။

ဖရုံစေ့မှာ ဇင့်(ခေါ်)သွပ်ဓာတ်ကြွယ်ဝစွာ ပါဝင်သောကြောင့် အရိုးပွရောဂါကို ကာကွယ်ပေးပါတယ်။

ဖရုံသီးအစေ့ များများစားပေးရင် ရောင်ရမ်းနာကျင်မှုကို အတိုင်းအတာတစ်ခုအထိ လျှော့ချပေးနိုင်ပါတယ်။

ဖရုံသီးအစေ့ထဲမှာ ဆီးကျောက်ရဲ့ အဓိကကုန်ကြမ်းဖြစ်တဲ့ ကယ်လ်စီယမ်အောက်ဇလိတ် အနည်ကျဖွဲ့တည်ခြင်းကို တားဆီးနိုင်တဲ့ ဒြပ်ပေါင်းများ ပါဝင်ပါတယ်။

ဖရုံသီးအစေ့ကို သန်ကျဆေး၊ သန်ဆေးအဖြစ် အသုံးပြုနိုင်ပါတယ်။ ကပ်ပါးရောဂါမျိုးကိုလည်း သဘာဝအတိုင်း နှိမ်နင်းနိုင်တဲ့ အာနိသင်ရှိနေလို့ ဆေးဝါးအနေနဲ့ အသုံးချနိုင်အောင် ဆက်လက်လေ့လာမှုများ ပြုလုပ်နေကြပါတယ်။

ဖရုံစေ့ လက်တစ်ဆုပ်စာမှာ အရွယ်ရောက်ပြီးသူတစ်ယောက် နေ့စဉ်လိုအပ်တဲ့ မဂ္ဂနီစီယမ်၊ သတ္တုဓာတ်ရဲ့ ၉၂ ရာခိုင်နှုန်းလောက် ပါဝင်လို့ မကြာခဏ စားသုံးသင့်ပါတယ်။

ဖရုံစေ့ထဲမှာ Phytosterol ခေါ် အပင်ထွက် အဆီဓာတ်တစ်မျိုးပါဝင်ပါတယ်။ ၎င်းဟာ သွေးထဲက LDL ခေါ် မကောင်းတဲ့ ကိုလက်စထရောအဆီဓာတ်ပမာဏကို လျှော့ချပေးနိုင်ပါတယ်။

Phytosterol ဟာ ကိုလက်စထရော ကျဆင်းစေလို့ ကိုလက်စထရောကြောင့် ဖြစ်ရတဲ့ ကင်ဆာအတော်များများ(ဥပမာ-ရင်သားကင်ဆာ)ကို ကာကွယ်ပေးနိုင်တဲ့ အာနိသင်ရှိပါတယ်။



**ပုဏ္ဏရိုက်**

ပုဏ္ဏရိုက်ပင်ကို ခြံစည်းရိုးအနေနဲ့ အများဆုံး စိုက်ပျိုးကြပါတယ်။ ဒီအပင်မှာ ဆေးဖက်ဝင်အာနိသင်တွေ အများကြီးရှိပါတယ်။ ပန်းပွင့်နီနီလေးတွေ၊ ပန်းရောင်ပန်းပွင့်လေးတွေ ပွင့်တဲ့အပင်မျိုးပါ။ အရွက်က ခပ်ထူထူလေးပါ။

ခေါင်းကိုက်၊ သွေးတိုးနဲ့ နှလုံးရောဂါရှိသူတွေ ပုဏ္ဏရိုက်ရွက်ပြုတ်ရည်ကို သောက်ပေးရင် သက်သာစေပါတယ်။

ပုဏ္ဏရိုက်ရွက်မှာ အနာကိုကျက်စေနိုင်တဲ့အစွမ်းသတ္တိရှိပါတယ်။ ပုဏ္ဏရိုက်ပင်ရဲ့ သဘာဝဓာတ်ပေါင်းတွေက အနာကို မြန်မြန်ကျက်စေပါတယ်။ ပုဏ္ဏရိုက်ရွက်ကို အရည်ညှစ်ပြီး အနာပေါ်ကို လိမ်းပေးပါက ပျောက်ကင်းပါတယ်။

ပုဏ္ဏရိုက်ရွက်ပြုတ်ရည်ကို သောက်ပေးရင် နာကျင်ကိုက်ခဲမှုတွေ ပျောက်ကင်းပါတယ်။

အတွင်းလိပ်၊ အပြင်လိပ်ဖြစ်နေရင် ပုဏ္ဏရိုက်ပန်းအရည်ကိုညှစ်ပြီးလိမ်းပေးရင် သက်သာစေပါတယ်။

ပုဏ္ဏရိုက်ပင်မှာ ရောဂါတွေကို သက်သာစေနိုင်တဲ့ သဘာဝဓာတ်ပေါင်းတွေပါဝင်နေသောကြောင့် ဝမ်းကိုက်တာကိုလည်း ပျောက်ကင်းစေပါတယ်။

အမျိုးသမီးများ ရာသီသွေးမှန်ဖို့အတွက် ပုဏ္ဏရိုက်ပန်းကို အသုံးပြုပေးနိုင်ပါတယ်။

ပုဏ္ဏရိုက်က အကိုက်အခဲ ပျောက်စေနိုင်တဲ့ အာနိသင်ရှိပါတယ်။ ခြေသလုံးကြွက်သားတွေ နာကျင်ကိုက်ခဲတာကို အမြန်ဆုံးနဲ့ အထိရောက်ဆုံး သက်သာစေနိုင်ပါတယ်။



**ထန်းနို့ခြောက်**

ထန်းနို့ခြောက်ကို ရေနဲ့ကျိုပြီး ပြုတ်ရည်ကို သောက်ရင် ခွန်အားပြည့်ပြီး နှလုံးကို အားကောင်းစေပါတယ်။ ကျောက်ကပ်ကျောက်နဲ့ သည်းခြေအိတ်ကျောက်တွေကိုပါ ကြေစေပါတယ်။ သွေးကို သန့်ရှင်းစင်ကြယ်စေပြီး မောပန်းနွမ်းနယ်မှုကိုလည်း သက်သာစေပါတယ်။

ထန်းနို့ခြောက်ကို ပြာချပြီး အုန်းဆီနဲ့ ပျစ်ပျစ်ဖျော်ပြီး လိမ်းပေးပါက ပွေး၊ ဝဲ၊ ညှင်း၊ နှင်းခူနဲ့ နာတာရှည်ယားနာများ အချပ်လိုက်ကွာကျပြီး ပျောက်ကင်းပါတယ်။

ထိပ်ကပ်နာ၊ နာစေး၊ နာပိတ်ဖြစ်နေရင်လည်း ထန်းနို့ခြောက်ကို မီးမြှိုက်ပြီး ရှူရှိုက်ပေးရင် ပျောက်ကင်းစေပါတယ်။



**ကင်ပွန်းသီး**

ခေါင်းလျှော်တဲ့ ကင်ပွန်းသီးမှ ကင်ပွန်းသီးအစေ့ ငါးစေ့လောက်ကို ညက်အောင်ထုချေ၊ အမှုန့်ပြုလုပ်ပြီး ပျားရည်စစ်စစ်နဲ့ ရောကာ တစ်နေ့လျှင် လက်ဖက်ရည်ဇွန်း နှစ်ဇွန်းသောက်ပေးပါက ကျောက်ကပ်နဲ့ ဆီးလမ်းကြောင်းမှာ ကျောက်တည်နေသူများ ဘယ်လောက်ကြီးတဲ့ ကျောက်ဖြစ်ဖြစ် ကြေစေနိုင်ပါတယ်။ (နေ့စဉ်သောက်ရန်လိုအပ်ပါတယ်။)



**တမာ**

တမာဟာ အရသာခါးပေမယ့် ကျန်းမာရေးအတွက် အလွန်ဆေးဖက်ဝင်ပါတယ်။

တမာရွက်ဟာ ဗီတာမင်စီ ပါဝင်တဲ့အတွက် အရေပြားကျန်းမာရေးကို ကောင်းမွန်စေပါတယ်။ ဝက်ခြံ၊ အမည်းစက်တွေနဲ့ တင်းတိပ်တွေကို သက်သာစေပါတယ်။

အရေပြားပေါ်မှာ အနာတွေ၊ အပူနာတွေ ပေါက်ရင် တမာရွက်ပြုတ်ရည်နဲ့ ရေချိုးပေးရင် သက်သာစေပါတယ်။

တမာရွက်ဟာ ခါးသက်သက် အရသာရှိပြီး ဆီးချိုသမားတွေကို ကုသရာမှာ အသုံးဝင်ပါတယ်။ ဆီးချိုအမျိုးအစား(၂)အတွက် ကုသရာမှာ ကူညီပေးပါတယ်။ ကိုယ်ထဲက သကြားဓာတ်ကို ထိန်းပေးနိုင်တဲ့ အစွမ်းသတ္တိရှိပါတယ်။

တမာပင်ဟာ အစာခြေဖျက်မှုအတွက် အထောက်အကူဖြစ်စေပါတယ်။ အမျှင်ဓာတ်ကြွယ်ဝတဲ့အတွက် လေနဲ့ပတ်သက်တဲ့ ရောဂါတွေကို ကာကွယ်ပေးနိုင်ပါတယ်။

တမာရွက်ဟာ အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါတွေကို ကုသရာမှာ ကူညီပေးပါတယ်။ ချောင်းဆိုးခြင်း၊ အသက်ရှူမဝခြင်း၊ ချွဲ၊ သလိပ်ခဲနေခြင်းတွေ သက်သာစေရန် တမာရွက်ကို အသုံးပြုကြပါတယ်။

တမာရိုးနဲ့ သွားတိုက်ပေးရင် သွားတွေ ခိုင်ခံ့ပြီး ဖြူဖွေးစေပါတယ်။ သွားဖုံးအတွင်းမှာ ဖြစ်တဲ့ ရောဂါတွေကို ကာကွယ်ပေးတဲ့အပြင် သွားပိုးစားခြင်းကိုလည်း သက်သာစေပါတယ်။

ကွမ်းချိုးတွေ တက်နေတဲ့ သွားတွေကို တမာရိုးနဲ့တိုက်ပေးရင် ချိုးတွေပြောင်စေပြီး ခံတွင်းနံ့နံခြင်းကိုလည်း ထိန်းပေးပါတယ်။



**မျောက်ငိုသီး**

မျောက်ငိုသီးဟာ အာဟာရဓာတ် စုံလင်ပြီး ကျန်းမာရေးအတွက် အကျိုးကျေးဇူးတွေ အများကြီးပေးနိုင်တဲ့ သဘာဝဆေးတစ်လက်ပါ။

ပရိုတင်းဓာတ်ကြွယ်ဝစွာ ပါဝင်တဲ့အတွက် ကိုလက်စထရောကို ကျစေပြီး ခန္ဓာကိုယ်အတွက် ကောင်းမွန်တဲ့အသားဓာတ်ကို ပေးစွမ်းနိုင်ပါတယ်။

ပိုတက်စီယမ်ဓာတ်ပါဝင်လို့ အာရုံကြောစနစ်နဲ့ ဦးနှောက်လုပ်ဆောင်ချက်တွေကို မှန်ကန်စေပါတယ်။

မဂ္ဂနီစီယမ်ဓာတ်က စိတ်ဖိစီးမှုကို လျှော့ကျစေပြီး စိတ်ရော ကိုယ်ပါ လန်းဆန်းစေပါတယ်။

သံဓာတ်ကြွယ်ဝစွာပါဝင်သောကြောင့် သွေးအားနည်းရောဂါကို ကာကွယ်ပေးပါတယ်။

အမျှင်ဓာတ်ကြွယ်ဝမှုက အစာခြေလမ်းကြောင်းကိုကောင်းစေပြီး ဝမ်းမချုပ်ရန် ကူညီပေးပါတယ်။

ဗီတာမင်အေ ပါဝင်မှုက အမြင်အာရုံကို ကောင်းမွန်စေပါတယ်။

သွေးတွင်းသကြားဓာတ်ကို ထိန်းညှိပေးနိုင်စွမ်းရှိလို့ ဆီးချိုသမားတွေ မကြာခဏ စားသုံးသင့်ပါတယ်။

ဖော့စဖောရပ်ဓာတ်က အရိုးပွရောဂါကို ကာကွယ်ပေးနိုင်ပါတယ်။

ဗီတာမင် B6, B12၊ ပိုတက်စီယမ်၊ မဂ္ဂနီစီယမ်တို့က နီကိုတင်းဓာတ်ကို တိုက်ဖျက်ပေးနိုင်လို့ ဆေးလိပ်ဖြတ်ရာမှာ အထောက်အကူပြုပါတယ်။

သွေးပေါင်ကျစေပြီး လေဖြတ်ခြင်းမှ ကာကွယ်ပေးနိုင်ပါတယ်။

ရောဂါပိုးမွှားတွေကို တိုက်ဖျက်ပေးနိုင်စွမ်းရှိပြီး ဓာတ်တိုးဆန့်ကျင်အာနိသင်ရှိသောကြောင့် ကင်ဆာရောဂါတွေကိုပါ ကာကွယ်နိုင်ပါတယ်။



**ကရဝေး**

ကရဝေးရွက်ကို ဟင်းခတ်အမွှေးအကြိုင်အဖြစ် အသုံးပြုကြတာများပါတယ်။ ကရဝေးရွက်မှာ ဆေးဖက်ဝင်တဲ့ သတ္တိတွေ အများကြီး ပါဝင်ပါတယ်။

ကရဝေးရွက်ဟာ အစာခြေစနစ်ဆိုင်ရာ ရောဂါတွေကို ကုသပေးပြီး အကျိတ်၊ ရင်ပူ၊ အက်စစ်ဓာတ်နဲ့ ဝမ်းချုပ်တာတွေကို ဖယ်ရှားပေးပါတယ်။

ကရဝေးရွက်ကို ပူပူနွေးနွေး လက်ဖက်ရည်နဲ့ သောက်ခြင်းဖြင့် အူလှုပ်ရှားမှုကို ထိန်းညှိပေးပါတယ်။

သွေးတွင်းသကြားဓာတ်ကို လျှော့ကျစေပြီး ကရဝေးရွက်ဟာ အင်န်တီအောက်ဆီးဒင့် တစ်မျိုးလည်း ဖြစ်ပါတယ်။

ကရဝေးရွက်ကို တစ်လလောက် စားသုံးခြင်း (သို့မဟုတ်) ကရဝေးရွက်ပြုတ်ရည်ကို သောက်သုံးခြင်းဖြင့် ခန္ဓာကိုယ်က အင်ဆူလင်ထုတ်လုပ်နိုင်အောင် ကူညီပေးပါတယ်။

ကရဝေးရွက်ဟာ မကောင်းတဲ့ ကိုလက်စထရောကို ဖယ်ရှားပေးပြီး ခန္ဓာကိုယ်ထဲက Triglycerides တွေကို သက်သာစေပါတယ်။

ကရဝေးရွက်ဟာ ဗီတာမင်စီ ကြွယ်ဝစွာ ပါဝင်သောကြောင့် အအေးမိ၊ တုပ်ကွေးနဲ့ ချောင်းဆိုးခြင်းကို ကုသရာမှာ အလွန်အသုံးဝင်ပါတယ်။ ချွဲတွေကို ဖယ်ရှားပေးပြီး ချောင်းဆိုးပြင်းထန်မှုကို လျှော့ချဖို့အတွက် အရွက်ကိုပြုတ်ပြီး ရေနွေးငွေ့ရှူပေးနိုင်ပါတယ်။

ကရဝေးရွက်ဟာ နှလုံးသွေးကြောဆိုင်ရာ ကာကွယ်ပေးတဲ့ ဒြပ်ပေါင်းတွေ ပါဝင်တာကြောင့် တက်ခြင်းနဲ့ လေဖြတ်ခြင်းကနေ နှလုံးကို ကာကွယ်ပေးပါတယ်။

ခန္ဓာကိုယ်အတွင်း ကင်ဆာဆဲလ်များ ဖြစ်ပေါ်ခြင်းကို ကာကွယ်ပေးတဲ့ ကဖင်းအက်စစ်၊ ကာစီတင်၊ အီဂိုနော့နှင့် ဘာတိုလီနိုက်ကဲ့သို့သော အက်စစ်များ ကြွယ်ဝစွာ ပါဝင်ပါတယ်။

အိပ်မပျော်ခြင်းနဲ့ စိုးရိမ်ပူပန်မှုများကို ဖယ်ရှားပေးပြီး အိပ်ရာမဝင်မီ သောက်သုံးပါက စိတ်အေးချမ်းသာစွာ အိပ်ပျော်စေပါတယ်။

ကရဝေးရွက်ကို ပြုတ်ပြီး ပြုတ်ရည်ကို တစ်နေ့လျှင် နှစ်ကြိမ် သောက်သုံးပေးပါက ကျောက်ကပ်ကျောက်တည်ခြင်းကို သက်သာစေပြီး ရောဂါပိုးများကို ပျောက်ကင်းစေပါတယ်။

**"အာရောဂျံ ပရမံ လာဘံ"**

**ကိုးကား - Tik Tok**

❖ ကျွန်တော်တို့အနေနဲ့ ငြိမ်းချမ်းရေးဖော်ဆောင်ရာမှာ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နဲ့ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)လမ်းကြောင်းကို အဓိကကိုင်စွဲပြီး လျှောက်လှမ်းလျက်ရှိပါတယ်။ ငြိမ်းချမ်းရေးဖော်ဆောင်ရာမှာလည်း ပြည်ပစွက်ဖက်မှုမရှိဖို့လိုသလို ပြည်တွင်းကအဖျက်အမှောင့်ပယောဂတွေ ကင်းကင်းရှင်းရှင်းနဲ့ လုပ်ဆောင်နိုင်ဖို့လည်း လိုပါတယ်။...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ ဇွန်လ ၂၅ ရက်နေ့တွင် ပြုလုပ်သော ငြိမ်းချမ်းရေးဖိုရမ် - Peace Forum 2025 ဖွင့်ပွဲ အခမ်းအနားတွင် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

# နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ၏ ဖြစ်ပေါ်တိုးတက်မှုအခြေအနေများကို သံတမန်များအား ရှင်းလင်းပြောကြား





ရန်ကုန် နိုဝင်ဘာ ၁၂

နိုင်ငံခြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် မြန်မာနိုင်ငံ၏ လက်ရှိဖြစ်ပေါ်တိုးတက်မှု အခြေအနေများနှင့်ပတ်သက်၍ ရန်ကုန်မြို့အခြေစိုက် သံတမန်များနှင့် ကုလသမဂ္ဂ အဖွဲ့အစည်းမှ ကိုယ်စားလှယ်များအား ရှင်းလင်းပြောကြားခြင်း အစီအစဉ်ကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ဇင်းမင်းရာဇာခန်းမ၌ ကျင်းပပြုလုပ်သည်။

ရှင်းလင်းပြောကြားမှု အစီအစဉ်သို့ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်ကျော်ကျော်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးအောင်လွင်ဦး၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာနနှင့်ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်တို့မှ တာဝန်ရှိသူများ၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ သံတမန်များနှင့် ကုလသမဂ္ဂ အဖွဲ့အစည်းမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေက မကြာမီကျင်းပပြုလုပ်မည့် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲကို လွတ်လပ်၍ တရားမျှတပြီး အားလုံးပါဝင်သော ရွေးကောက်ပွဲဖြစ်စေရန် ပြင်ဆင်နေမှုများ၊ ရွေးကောက်ပွဲကို အပိုင်းလိုက်ကျင်းပမည့် အစီအစဉ်များ၊ ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်လိုသည့် နိုင်ငံရေးပါတီများ၊ ကိုယ်စားလှယ်လောင်းများအား ကန့်သတ်ထားခြင်းမရှိဘဲ ဥပဒေ စည်းမျဉ်းစည်းကမ်းများနှင့်အညီ မှတ်ပုံတင်ခွင့်ပြုခဲ့ခြင်း၊ ပွင့်လင်းမြင်သာသည့် ရွေးကောက်ပွဲ ဖြစ်စေရန်အတွက် ပြည်တွင်း ပြည်ပမှ လေ့လာသူအဖွဲ့များ၊ နိုင်ငံတကာမှ သံတမန်များနှင့် အဖွဲ့အစည်းများအား ဖိတ်ကြားထားခြင်း၊ ပြည်တွင်း ပြည်ပမှမီဒီယာများအား မှတ်ပုံတင်ခွင့်ပြုထားခြင်း၊ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်နှင့်ပတ်သက်၍ နိုင်ငံတော် အစိုးရအနေဖြင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများအားလုံးကို ငြိမ်းချမ်းရေးဆွေးနွေးပွဲများတွင် ပါဝင်ရန်နှင့် ထိတွေ့ဆွေးနွေးမှုများမှ တစ်ဆင့် နိုင်ငံရေးလုပ်ငန်းစဉ်တွင် ပါဝင်ရန် ဖိတ်ခေါ်မှု အခြေအနေများ၊ နယ်စပ်ဒေသများကို အခြေပြု၍ ဖြစ်ပေါ်နေသည့် နိုင်ငံဖြတ်ကျော် မှုခင်းများ၊ နယ်စပ်အခြေပြု လက်နက်ကိုင်အဖွဲ့များက ကာစီနို၊ အွန်လိုင်းလောင်းကစား စသည်တို့ကို နိုင်ငံတကာ ရာဇဝတ်ဂိုဏ်းများနှင့်အတူ ကျူးလွန်ဆောင်ရွက်နေမှုများကို တိုက်ဖျက်နေသည့် ကိစ္စများ၊ ၂၀၂၃ ခုနှစ် အောက်တိုဘာလမှစ၍ ၂၀၂၅ ခုနှစ် နိုဝင်ဘာလအထိ ၂ နှစ်ကျော်ကာလအတွင်း မြန်မာနယ်စပ်သို့ အိမ်နီးချင်းနိုင်ငံမှ တစ်ဆင့် တရားမဝင်ရောက်ရှိနေသည့် နိုင်ငံပေါင်း ၅၂ နိုင်ငံမှ နိုင်ငံခြားသား ၆၇၉၈၂ ဦးအား အိမ်နီးချင်း နိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာ နိုင်ငံများထံသို့ ပြန်လည်လွှဲပြောင်းပေးမှု အခြေအနေများ၊ အိမ်နီးချင်း နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီမြို့ မဲ့ထော်သလေး KK Park နယ်မြေများတွင် အခိုင်အမာအခြေချ၍ အွန်လိုင်း လိမ်လည်မှုများ ကျူးလွန်နေသည့် ဂိုဏ်းများအား တိုက်ဖျက်ချေမှုန်းနေမှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့ပြင် မြန်မာနိုင်ငံသို့ တရားမဝင် ဝင်ရောက်သူများ၏ ၉၉ ဒသမ ၅ ရာခိုင်နှုန်းမှာ အိမ်နီးချင်း နိုင်ငံများမှတစ်ဆင့် ကုန်းလမ်းမှ ဝင်ရောက်လာခြင်း၊ ယင်းရာဇဝတ်ဂိုဏ်းများ၊ လက်နက်ကိုင်အဖွဲ့အစည်းများသည် အင်တာနက်၊ လျှပ်စစ်မီး၊ ငွေကြေးလွှဲပြောင်းမှုများကို အိမ်နီးချင်းနိုင်ငံများမှ အခြေခံ အဆောက်အအုံများကို အသုံးပြု ဆောင်ရွက်ကြောင်း တွေ့ရှိရသဖြင့် အဆိုပါနယ်စပ်ဖြတ်ကျော် ရာဇဝတ်မှုများကို တိုက်ဖျက်နိုင်ရေးအတွက် အိမ်နီးချင်းနိုင်ငံများ၏ အပြည့်အဝ ပူးပေါင်းဆောင်ရွက်မှု လိုအပ်ကြောင်း၊ မြန်မာနိုင်ငံ၏ ပကတိမြေပြင် အခြေအနေများကို သံတမန်များအနေဖြင့် သက်ဆိုင်ရာအစိုးရများထံ မှန်ကန်စွာ တင်ပြရန် တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ တာဝန်ရှိသူများက အီလက်ထရောနစ်မဲပေးစက်အသုံးပြု၍ မဲပေးပုံနည်းစနစ်အကြောင်း ရှင်းလင်းသရုပ်ပြရာ တက်ရောက်လာသည့် သံတမန်များက Electronic Voting Machine ကို လက်တွေ့စမ်းသပ်အသုံးပြုခြင်း၊ သိရှိလိုသည်များအား မေးမြန်းဆွေးနွေးခြင်းတို့ ဆောင်ရွက်ကြသည်။

ထို့နောက် ပြည်ထဲရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက နယ်စပ်ဖြတ်ကျော်ရာဇဝတ်မှုများ၊ မူးယစ်ဆေးဝါးတိုက်ဖျက်ရာတွင် မြန်မာနိုင်ငံ၌ မထုတ်လုပ်နိုင်သည့် ဓာတုအခြေပြု မူးယစ်ဆေးဝါးများ နယ်စပ်နိုင်ငံများမှ တစ်ဆင့် မြန်မာနိုင်ငံသို့ ဝင်ရောက်နေမှုများ ထိန်းချုပ်နိုင်ရေး၊ EAOs များ အဓိကပါဝင်နေပြီး မြန်မာနိုင်ငံ၏ ပြည်တွင်းနိုင်ငံရေး တည်ငြိမ်မှုနှင့် တိုက်ရိုက် သက်ဆိုင်နေခြင်းတို့ကြောင့် အလေးထားဆောင်ရွက်နေကြောင်း၊ ယင်းကို အိမ်နီးချင်းနိုင်ငံများက ဝိုင်းဝန်းထိန်းချုပ်ပေးရန်နှင့် အလေးထားစောင့်ကြည့် အရေးယူ ဆောင်ရွက်ပေးရန် မေတ္တာရပ်ခံလိုကြောင်းပြောကြားပြီး အွန်လိုင်းလောင်းကစားဂိုဏ်းများတိုက်ဖျက်ရာ၌ ထိန်းသိမ်း၍ ပြန်လည် ပို့ဆောင်ခဲ့ရသူအချို့၏ ဖြေကြားချက်များကို ဗီဒီယိုဖြင့် ပြသရှင်းလင်းသည်။

ထို့အတူ KK Park ရှိ အဆောက်အအုံ စုစုပေါင်း ၆၂၅ လုံးအနက် ပထမအဆင့်တွင် ၁၄၈ လုံး ဖြိုချဖျက်ဆီးနေမှု၊ ဒုတိယအဆင့်တွင် ၆၂ လုံး၊ တတိယအဆင့်တွင် ၄၂၅ လုံး ဆက်လက်ဖြိုချသွားမည့်အခြေအနေများကို ပြောကြားခဲ့ပြီး ရောက်ရှိနိုင်ငံ၊ မူရင်းနိုင်ငံနှင့် တစ်ဆင့်ခံနိုင်ငံတို့အကြား ပူးပေါင်းဆောင်ရွက်မှု အရေးကြီးကြောင်း ဆွေးနွေးခဲ့သည်။

ယင်းနောက် တက်ရောက်လာသည့် သံတမန်များက သိရှိလိုသည်များကို မေးမြန်းခဲ့ပြီး တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ပရီးမီးယားလိဂ်ပွဲစဉ် နှစ်ပွဲ၏ ယှဉ်ပြိုင်မည့်ရက်အား ပြောင်းရွှေ့




**လန်ဒန် နိုဝင်ဘာ ၁၂**

ပရီးမီးယားလိဂ်ဘောလုံးအဖွဲ့ချုပ်သည် ဒီဇင်ဘာလအတွင်း ကျင်းပမည့် အာဆင်နယ်အသင်းနှင့် အဲဗာတန်အသင်း၊ ခရစ္စတယ်ပဲလေ့စ်အသင်းနှင့် လိဒ်ယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားမည့်ရက်အား ပြောင်းရွှေ့ရန် သဘောတူညီလိုက်ပြီဖြစ်သည်။

ပရီးမီးယားလိဂ် ပွဲစဉ်ဇယားအရ အာဆင်နယ်အသင်းနှင့် အဲဗာတန်အသင်း၊ ခရစ္စတယ်ပဲလေ့စ်အသင်းနှင့် လိဒ်ယူနိုက်တက်အသင်းတို့ ပွဲစဉ်အား ကနဦး ဒီဇင်ဘာ ၂၁ရက်(တနင်္ဂနွေ)တွင် ကစားရန် လျာထားခဲ့ သော်လည်း လက်ရှိအချိန်မှာတွင် ဒီဇင်ဘာ ၂၀ရက်(စနေနေ့)သို့ ပြောင်းလဲကျင်းပရန် သဘောတူညီမှုရရှိခဲ့သည်။

အာဆင်နယ်အသင်းသည် သုံးရက်အတွင်း နှစ်ပွဲယှဉ်ပြိုင်ကစားရမည့် အခြေအနေကို ရှောင်ရှားနိုင်ရန်အတွက် အဲဗာတန်အသင်းနှင့် ပွဲစဉ်အား ရွှေ့ဆိုင်းပေးပါရန် ယမန်နေ့က ပရီးမီးယားလိဂ်ဘောလုံးအဖွဲ့ချုပ်ထံ တောင်းဆိုမှုကို အဖွဲ့ချုပ်က လက်ခံကာ ရက်ရွှေ့ဆိုင်းပေးခဲ့ခြင်းဖြစ်သည်။

ပရီးမီးယားလိဂ်ပွဲစဉ် ၁၁ပွဲ ကစားအပြီးတွင် အာဆင်နယ်အသင်းက ရမှတ် ၂၆မှတ်ဖြင့် အမှတ်ပေးဇယားအား ဦးဆောင်ထားနိုင်ပြီး ခရစ္စတယ်ပဲလေ့စ်အသင်းက ရမှတ် ၁၇မှတ်ဖြင့် အဆင့် ၁၀၊ အဲဗာတန်အသင်းက ရမှတ် ၁၅မှတ်ဖြင့် အဆင့် ၁၃နေရာ၊ လိဒ်စ်အသင်းက ရမှတ် ၁၁မှတ်ဖြင့် အဆင့် ၁၆နေရာတို့တွင် ရပ်တည်လျက်ရှိသည်။

(NGB)

ဝ-ဝ-ဝ-ဝ